# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၇၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် — ၂၀၁၅ ခုနှစ်၊ မတ် ၂၇ ရက်၊ သောကြာနေ့။


**အနဝဇ္ဇကမ္မ မင်္ဂလာ**

**အပြစ်ကင်းသောအမှုကို ပြုလုပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခ ဂျိမ်းစ်ဒီဖီရှန် ခေါင်းဆောင်သည့် မဟာဘွဲ့ သင်တန်းသားများအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၂၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခ ဂျိမ်းစ်ဒီဖီရှန် ခေါင်းဆောင်သည့် အပြည်ပြည်ဆိုင်ရာ မူဝါဒရေးရာဘာသာရပ် မဟာဘွဲ့သင်တန်းသား၊ သင်တန်းသူများအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒေါက်တာ ကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာတော်သင်စေလွှတ်ရေး စီမံဆောင်ရွက်နေမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍများ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူများ၏ မျှော်လင့်ချက်များအပေါ် ဦးစားပေးဖြည့်ဆည်းခဲ့မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ပါမောက္ခ ဂျိမ်းစ်ဒီဖီရှန် ခေါင်းဆောင်သည့် အပြည်ပြည်ဆိုင်ရာ မူဝါဒရေးရာဘာသာရပ် မဟာဘွဲ့သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**


**တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် ကဗျာ**

---

**ပြည်သူကဖွား ပြည်သူ့သားတွေ ပြည်သူ့အတွက် အားဖြစ်စေ**

*ဆောင်းပါး ➤ စာမျက်နှာ-၆*

**မြတ်သော စွန့်လွှတ်ခြင်း**

*ကဗျာ ➤ စာမျက်နှာ-၅*




(၆၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများ ချီတက်လာစဉ်။ (မြဝတီ)

# တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများ ရန်ကုန်နှင့်မန္တလေးမြို့များ၌ အခမဲ့ပြသမည်

**နေပြည်တော်  မတ်  ၂၆**

နှစ်(၇၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများကို အများပြည်သူသို့ အခမဲ့ပြသမည်ဖြစ်သည်။

အဆိုပါ ပြသမှုကို ရန်ကုန်မြို့ ရွှေဆောင်ရုပ်ရှင်ရုံ၌ မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် "အဖေနှင့်သားများ" ဇာတ်လမ်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် "ကြယ်စင်မော်ကွန်း" ဇာတ်လမ်း၊ ညနေ ၃ နာရီခွဲတွင် "အဖေတူသား" ဇာတ်လမ်း၊ ညနေ ၆ နာရီခွဲတွင် "ကြယ်စင်မော်ကွန်း" ဇာတ်လမ်း၊ ည ၉ နာရီခွဲတွင် "သားကောင်းမိခင်" ဇာတ်လမ်းများကိုလည်းကောင်း၊ မန္တလေးမြို့ မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံ၌ မတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၆ နာရီခွဲနှင့် ည ၉ နာရီခွဲတို့တွင် "ကြယ်စင်မော်ကွန်း" ဇာတ်လမ်းကိုလည်းကောင်း အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# နှစ် (၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တိုင်းပြည့်အင်အား ပြည်သူ့တပ်မတော်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါရပ်တည်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဘီစီ ၃ ရာစုမှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသော ပဒေသရာဇ်နိုင်ငံများ ထူထောင်ကာ ကိုယ်မင်းကိုယ့်ချင်း အုပ်ချုပ်နိုင်ခဲ့သည့် လွတ်လပ်သော နိုင်ငံလည်းဖြစ်ပါသည်။ သို့သော်လည်း ၁၉ ရာစုတွင် နယ်ချဲ့တို့က မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ချိန်မှစ၍ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည်။

သူ့ကျွန်ဘဝမှလွတ်မြောက်ရေး တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက သွေးစည်းညီညွတ်စွာ ကြိုးပမ်းခဲ့ရာ အဆုံးတွင် နယ်ချဲ့တို့ကိုလည်း မြန်မာ့မြေပေါ်မှ အပြီးတိုင် ချေမှုန်းနိုင်ခဲ့သလို ဖက်ဆစ်တို့ကိုလည်း တွန်းလှန်နိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်က ဦးဆောင်လျက် ကမ္ဘာသိ ဖက်စစ်တော်လှန်ရေးကြီး အောင်မြင်စွာ ဆင်နွှဲခဲ့ပေသည်။ ထိုနေ့ကိုပင် တပ်မတော်နေ့ရယ်လို့ သတ်မှတ်ခဲ့ကြရာ ယခုနှစ်ဆိုလျှင် နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယခုနှစ် တပ်မတော်နေ့ ဦးတည်ချက်များသည်ကား-

- ✳ နိုင်ငံတော်၏ မြေထု၊ လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
- ✳ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ✳ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဟူ၍ပင်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော သန်း ၅၀ ကျော်သော ပြည်သူများ၏တူညီသော အဓိကဆန္ဒနှစ်ရပ်သည်ကား တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။ ဤရည်မှန်းချက်များ ဖြည့်ဆည်းနိုင်ရန် တပ်မတော်အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အလေးထားဖော်ဆောင်နေသကဲ့သို့ ကာကွယ်စောင့်ရှောက်မှုကိုလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

တပ်မတော်သည် တိုင်းရင်းသားညီအစ်ကိုများနှင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော် ဖြစ်သည့်အလျောက် နိုင်ငံတော်အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်ပေးနေသည့် အစဉ်အလာကောင်းများနှင့် ပြည့်စုံသော တပ်မတော်ဖြစ်ပါသည်။ သို့ဖြစ်၍"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဆိုသောစကားအတိုင်း ငွေအား၊ လူအား၊ လက်နက်အင်အား တောင့်တင်းခိုင်မာသော တပ်မတော်ဖြစ်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

# ပြည်ထဲရေးဝန်ကြီးဌာနသို့ လုံခြုံရေးသုံးမော်တော်ဆိုင်ကယ်အစီး ၃၀ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာနသို့ လုံခြုံရေးသုံးမော်တော်ဆိုင်ကယ် အစီး ၃၀ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၆ ရက် နံနက် ၇ နာရီခွဲက ပျဉ်းမနားမြို့နယ် ဘောဂသီရိကားဝင်းအနီးရှိ AUNG KANBO TRADING Co.,Ltd. ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်AUNG KANBO TRADING Co.,Ltd. ဥက္ကဋ္ဌ ဦးအောင်အောင်နှင့်အုပ်ချုပ်ဒါရိုက်တာ ဒေါ်နန်းရွှေဟန်တို့က ဆိုင်ကယ်အစီး ၃၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။



အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲထောက်ချုပ် ရဲမှူးချုပ် သန်းတင်အောင်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

## သင်္ကြန်အတွင်း ကျုံးရေသုံးစွဲခွင့်လျှောက်ထားနိုင်

**မန္တလေး မတ် ၂၆**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ကျုံးဘေးပတ်လည်၊မြို့တွင်း၊ ကျုံးရေကန်များနှင့် ၅၇ လမ်း၊ ၆၆ လမ်းကြား၊ ကျုံးရေသွင်းမြောင်း တစ်လျှောက်နှင့် ရပ်ကွက်အတွင်းရှိ သုံးရေကန်များမှရေစုပ်စက်ဖြင့် ကျုံးရေသုံးစွဲ၍ ရေပတ်ကစားခြင်းများအတွက် ရေစုပ်စက်တစ်လုံးလျှင် ငွေကျပ်တစ်သိန်းပေးသွင်း၍ ကျုံးရေးသုံးစွဲခွင့်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနသို့ ဧပြီ ၁ ရက်မှ ၁၀ ရက်အတွင်း လျှောက်ထားရမည်ဖြစ်သည်။

ထို့ပြင်မီးသတ်ငုတ်များမှ ရေကို အသုံးပြု၍ ရေကစားခြင်းကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၁-၁၀၈၄ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |

| | | |
|---|---|---|
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၅၀-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀-၁၆၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၈၀-၇၄၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၂၀-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဇယား(၁) နှင့် ဇယား(၂) လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား(၁)နှင့် ဇယား(၂)လေ့လာသုံးသပ်ရေး ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁)နှင့် ဇယား(၂) လေ့လာသုံးသပ်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နှင့်ဇယား(၂) ပြည်ထောင်စု၏လုပ်ပိုင်ခွင့်များထဲမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့်သည်များကို ခွဲပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တိကျသောလုပ်ပိုင်ခွင့်များ ယခုထက် ပိုမိုရှိလာမည်ဖြစ်ပြီး လုပ်ငန်းများလည်း ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိအခြေအနေများအရ Resource Sharing သည် အရေးကြီးသောအချက်အဖြစ် အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား(၁)နှင့် ဇယား(၂) ပြင်ဆင်နိုင်ရေးကို ပြည်ထောင်စုလွှတ်တော်တွင်လည်း အဆိုပါကိစ္စများနှင့်စပ်လျဉ်းပြီး အဆိုများတင်သွင်းခဲ့ပါကြောင်း၊ ဇယား(၁)နှင့် ဇယား(၂)တွင် ပြည်ထောင်စုမှ ဥပဒေပြုရမည့်ကိစ္စများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဥပဒေပြုရမည့်ကိစ္စရပ်များရှိပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တည်ဆဲဥပဒေများကို ပြင်ဆင်ပြီး လုပ်ပိုင်ခွင့်များကိုခွဲဝေပေးရန် တင်ပြလာပါကြောင်း၊ ခေတ်ကာလနှင့် မလျော်ညီသည့်အတွက် အသစ်ပြင်ဆင်ရေးဆွဲရမည့် ဥပဒေများလည်း ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြင်ဆင်လိုသည်များကို ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့လာသည့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နှင့် ဇယား(၂)တို့ကို အမြန်ဆုံးပြင်ဆင်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယခုအစည်းအဝေးတွင် ဇယား(၁) နှင့် ဇယား(၂) ပြင်ဆင်ရေးအပိုင်းအတွက် ရလဒ်ကောင်းရရှိနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဇယား(၁)နှင့်ဇယား(၂)၌ ဆောင်ရွက်ရမည့်လုပ်ငန်းတွင် အမိန့်ကြော်ငြာစာ



ထွက်ရှိရမည့် အပိုင်း၊ ထွက်ရှိပြီး ဥပဒေများကို နည်းဥပဒေ ထုတ်ပြန်ပေးရန်၊ ပြင်ဆင်ရမည့်ဥပဒေများကို လွှတ်တော်သို့တင်သွင်းရန်နှင့် အသစ်လိုအပ်သည့်ဥပဒေများကို ဥပဒေပြဋ္ဌာန်းပေးရန်တို့ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဇယား(၁)နှင့် ဇယား(၂) ပြင်ဆင်ရေးအတွက် ဝန်ကြီးဌာနများက ညှိနှိုင်းရရှိသည့်အပိုင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တင်ပြလာသည့်အပိုင်းများအပေါ် ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်ဆိုင်ရာဝန်ကြီးများ၊ ဥပဒေချုပ်များမှလည်း Video Confrencing များဖြင့် မေးမြန်းဖြေကြားခဲ့သည်။

ထိုသို့ ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ




**ငွေဆောင် မတ် ၂၆**

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံပညာရေးအထောက်အကူပြု သင်ကြားရေးစင်တာ ASEAN Virtual Learning Resources Centre (AVLRC) ပဏာမဖွင့်လှစ်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေရှိ Ngwe Saung Yacht Club and Resort ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

AVLRC ဖွင့်ပွဲအခမ်းအနားတွင် အစည်းအဝေးသဘာပတိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသည့် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများရှေ့မှောက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အစည်းအဝေး သဘာပတိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ဒုတိယသဘာပတိ ဖိလစ်ပိုင်နိုင်ငံမှ Mr. Jess Anthony Q Yu၊ လက်ရှိ ASEAN ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် မလေးရှားနိုင်ငံမှ Ms. Joane Koo Yoke Ann တို့က Plasma Globe ဖန်လုံးကိုနှိပ်ပြီး AVLRC website ကို လွှင့်တင်ကြသည်။

AVLRC "ASEAN Virtual Learning Resources Centre" Website သည် အာဆီယံနိုင်ငံများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ခရီးသွားဒေသများနှင့်ပတ်သက်သည့် ဗဟုသုတများကို ထည့်သွင်းဖော်ပြထားပြီး ကျောင်းသူ ကျောင်းသားများအနေဖြင့် အာဆီယံနှင့်ပတ်သက်သည့်အချက်အလက်၊ ခရီးသွားလေ့လာရေးနှင့် ပတ်သက်သောအချက်အလက်များကို ရယူနိုင်သည့်အပြင် အာဆီယံနိုင်ငံများ၌ တက်ရောက်နိုင်သည့် ပညာသင်ဆုများကိုလည်း လေ့လာသိရှိနိုင်သည့် ဗဟိုဌာနဖြစ်သည်။ ၎င်းအပြင် အာဆီယံအသိုက်အဝန်းနှင့် ပတ်သက်သည့်သတင်းများ၊ အာဆီယံနိုင်ငံများမှ တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် သုတေသနပြုနိုင်သည့် အချက်အလက်များ၊ ပညာရေးဆိုင်ရာ၊ အာဆီယံဒေသတွင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာများကို လေ့လာရယူနိုင်သော Website centre တစ်ခုဖြစ်သည်။

ဆက်လက်၍ ယနေ့နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့တွင် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ငွေဆောင်ဒေသတစ်ဝိုက်နှင့် ပင်လယ်ရှုခင်းအလှများကို လေ့လာကြည့်ရှုခဲ့ကြသည်။ (၁၄)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မြေနီကုန်းခုံးကျော်တံတားပေါ်မှ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်

**ရန်ကုန် မတ် ၂၆**

မတ် ၂၇ ရက် ယနေ့တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် တပ်မတော်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စတုတ္ထမြောက်ခုံးကျော်တံတား တစ်စင်းအဖြစ် တည်ဆောက်နေသည့် မြေနီကုန်းခုံးကျော်တံတားကြီးပေါ်မှ ယာဉ်များစမ်းသပ်မောင်းနှင်ခွင့်ကို နံနက် ၆ နာရီ မှ စတင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းဒါရိုက်တာ ဦးသက်လင်းက မြန်မာ့အလင်းသတင်းအဖွဲ့၏ ဆက်သွယ်မေးမြန်းမှုကို ဖြေကြားပေးခဲ့သည်။

မြေနီကုန်း ခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် မတ် ၆ ရက် နံနက်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပန္နက်တော်တင်ပေးခဲ့ခြင်း ဖြစ်သည်။

မြေနီကုန်း ခုံးကျော်တံတားကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် Capital Development Ltd. မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်မှုကာလကို ၂၀၁၅ မတ်လနောက်ဆုံးရက်များတွင် ပြီးစီးမည်ဟု ပန္နက်တင်ပွဲ၌ စီမံကိန်းဒါရိုက်တာ ဦးသက်လင်းက ဆိုသည်။ ယခုအခါ တံတားတည်ဆောက်ရေးမှာ ရာနှုန်းပြည့် ပြီးစီးသွားပြီကို တွေ့ရှိရသည်။

တံတားတည်ဆောက်စဉ်ကလည်း ခရီးသွားပြည်သူများ တံတားတည်ဆောက်မှုကြောင့် သွားလာမှုအခက်အခဲမဖြစ်စေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး တံတား၏ ဘေးနှစ်ဖက်ဝဲယာမှ သွားလာနိုင်ရန် ဆောင်ရွက်ခဲ့သည်။ တံတားကြီးတည်ဆောက်မှု အချောသပ်ခါနီး ကွန်ကရစ်လမ်းခင်းနိုင်ရန်အတွက် စက်ယန္တရားကြီးများဖြင့် နေ့ည အထိုင်ချပြုလုပ်နိုင်ရန်အတွက် သာလျှင် မတ် ၁၆ ရက်မှ လကုန်အထိ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ခေတ္တပိတ်ထားမည်ဟု ကြေညာခဲ့သော်လည်း ထိုရက်များမတိုင်မီ မတ် ၂၇ ရက်မှအစပြုကာ တံတားကြီးပေါ်မှ ယာဉ်များ စမ်းသပ်သွားလာခွင့်ကို ပြုတော့မည်ဖြစ်သည်ဟု သိရသည်။

မြေနီကုန်း ခုံးကျော်တံတားကြီး တည်ဆောက်ပေးနိုင်မှုကြောင့် အဓိကမြေနီကုန်း တောင်နှင့်မြောက် အရှေ့နှင့်အနောက် ဥပဒဟိုဖြတ်သန်းနေသော ယာဉ်ကြောများ ပိတ်ဆို့မှု အနည်းနှင့်အများဆိုသလို ဖြေလျှော့သွားတော့မည်ဖြစ်သကဲ့သို့ ယာဉ်များပေါ်မှ မီးပွိုင့်နှစ်ခုအလွတ်ကို ကြာမြင့်စွာ စောင့်စားနေရသည့် ခရီးသွားပြည်သူများ အချိန်ကုန်သက်သာသွားတော့မည် ဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

နိုင်ငံတကာသတင်း

# ယီမင်ရှိ ဟူသီသူပုန်များကို ဆော်ဒီအာရေဗျဝင်တိုက်



**ဆာနား မတ် ၂၆**

ယီမင်နိုင်ငံတွင် ဟူသီရှီးယိုက်သူပုန်များအား လေကြောင်းတိုက်ခိုက်မှုအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံက စစ်ရေးအရဝင်ရောက်တိုက်ခိုက်ပြီဖြစ်ကြောင်း အမေရိကန်ဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးက ပြောကြားလိုက်သည်။

ဆော်ဒီအာရေဗျ နိုင်ငံက သမ္မတ အက်ဒရာဘုရှ်မန်ဆာဟာဒီ အစိုးရကို ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း သံအမတ်အဒဲလ် ဘယ်လ်ဂျူဘီယာက ပြောကြားလိုက်သည်။

လွန်ခဲ့သည့်လများက အီရန်ကျောထောက်နောက်ခံ အဆိုပါသူပုန်များကြီးထွားခဲ့ရာ မြို့တော်ဆာနားမှ မစ္စတာဟာဒီသည် ထွက်ပြေးခဲ့ရသည်။ မြို့တော်ဆာနား၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားလျက်ရှိရာ ပေါက်ကွဲသံများကြားရကြောင်း၊ အရပ်သားအချို့ သေဆုံးနိုင်ကြောင်း သတင်းများက ဆိုသည်။

ဆာနားခရိုင်တစ်ခုတည်း၌ သေဆုံးသူအနည်းဆုံး ၁၃ ဦးရှိကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြင့် ဒေသတွင်းစစ်ပွဲဖြစ်လာနိုင်ကြောင်း ဟူသီသူပုန်အကြီးအကဲ မိုဟာမက်အယ်လ်ဘူခိုင်တီက ပြောကြားလိုက်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ အဆိုပါစစ်ဆင်ရေးအတွက် ထောက်လှမ်းရေးသတင်းများဖြန့်ဝေပေးရန် သမ္မတအိုဘားမားက ခွင့်ပြုလိုက်ပြီးဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားလိုက်သည်။

**(ဘီဘီစီ)**

# တာလီဘန်အကျဉ်းသားဟောင်း အမေရိကန်တပ်ကြပ်ကြီး တရားစွဲခံရ

**နယူးယောက် မတ် ၂၆**

အာဖဂန်နစ္စတန်၌ တာလီဘန် အကျဉ်းသားဟောင်းတစ်ဦးဖြစ်ခဲ့သူ အမေရိကန်တပ်မတော်မှ တပ်ကြပ်ကြီး Bowe Bergdahl သည် တပ်မှထွက်ပြေးမှု၊ ရန်သူရှေ့မှောက်၌ သိက္ခာကျစေမှုတို့အတွက် ဗုဒ္ဓဟူးနေ့တွင် တရားစွဲဆိုခံခဲ့ရပြီး ပြစ်မှုထင်ရှားကြောင်း တရားရုံးမှစီရင်ချက်ချခဲ့လျှင် ထောင်ဒဏ်တစ်သက်ကျခံရမည်ဖြစ်ကြောင်း တပ်မတော်က ပြောခဲ့သည်။

Bergdahlကို စစ်ခုံရုံးတွင် တရားစွဲရန်အတွက် လုံလောက်သောသက်သေအထောက်အထားရှိ မရှိ ဆုံးဖြတ်နိုင်ရေးအတွက် ဧပြီ ၂၂ ရက်တွင် ကြားနာစစ်ဆေးမှုများပြုလုပ်သွားရန် တပ်မတော်က စီစဉ်ခဲ့ကြောင်း ၎င်း၏ ရှေ့နေက ပြောသည်။

ဂွမ်တာနာမိုအကျဉ်းစခန်းမှ တာလီဘန်ငါးဦးကို အသက် ၂၈ နှစ်အရွယ်ရှိ Bergdahl နှင့် လွန်ခဲ့သောနွေရာသီ၌ လဲလှယ်ခဲ့သည်။ ၎င်းသည် တာလီဘန်အကျဉ်းစခန်းမှ လွတ်မြောက်လာသူတစ်ဦးဖြစ်သည်။

သူသည် ၂၀၀၉ ခုနှစ် ဇွန် ၃၀ ရက်တွင် အာဖဂန်နိုင်ငံ အရှေ့ပိုင်းတွင် ပျောက်ဆုံးသွားခဲ့ပြီးနောက် အဖမ်းခံခဲ့ရသည်။ နံနက်ပိုင်းတွင် ၎င်း၏တာဝန်ပြီးဆုံးပြီးနောက် သေနတ်နှင့်ကျည်ကာဝတ်စုံတို့ကို ထားရစ်ခဲ့ကာ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

# ဆော်ဒီနှင့် မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုပြီးနောက် ယီမင်တွင် ရေနံဈေးနှုန်းများ မြင့်တက်လာ

**ဆာနား မတ် ၂၆**

ဆော်ဒီအာရေဗျနှင့် ၎င်း၏ ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများက ယီမင်တွင် စစ်ဆင်မှုတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် ရေနံစိမ်းဈေးနှုန်းသည် ကြာသပတေးနေ့တွင် ခြောက်ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့သည်။ သို့ရာတွင် ရေနံတင်ပို့သူများက ရေနံတင်ပို့မှုအပေါ် လတ်တလောထိခိုက်နိုင်ဖွယ်အခြေအနေမရှိသေး ဟု ယူဆကြခြင်းကြောင့် ရေနံဈေးစံနှုန်းသည် နောက်ပိုင်းတွင် ဒေါ်လာ ၆၀ နီးနီး ဈေးလျော့ကျလာခဲ့သည်။

ယီမင်မြို့တော် ဆာနားမှ သမ္မတကို မောင်းထုတ်နေသော ဟူသီသူပုန်များကို ဆန့်ကျင်သည့် တိုက်ခိုက်မှုများသည် အရှေ့အလယ်ပိုင်း ရေနံတင်ပို့မှု၏ လုံခြုံရေးနှင့်ပတ်သက်ပြီး မငြိမ်မသက်မှုဖြစ်စေသည်။

ဆော်ဒီ၏တိုက်ခိုက်မှုသည် ရေနံကြွယ်ဝသော အရှေ့အလယ်ပိုင်းသို့ ကူးစက်လာမည်ကို ရေနံကုန်သည်များနှင့် ရေနံတင်ပို့သူများက စိုးရိမ်နေကြပြီး ရေနံဈေးနှုန်းများလည်း မြင့်တက်ခဲ့သည်။

ယီမင်တွင် တိုက်ပွဲအရှိန် ဆက်လက်မြင့်တက်လာနိုင်သည့် အလားအလာများမြင့်မားနေရာ အကြောင်းအရင်းမှာ ဟူသီသူပုန်များက အီရန်၏ထောက်ပံ့မှုအချို့ကို လက်ခံရရှိခဲ့သောကြောင့်ဖြစ်သည်။

ဆော်ဒီအနေဖြင့် စစ်ရေးဆိုင်ရာ အရေးယူမှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဟူသီသူပုန်များက အီရန်ထံမှ အထောက်အပံ့များရယူခြင်းကြောင့်ဖြစ်သည်ဟု တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာလေ့လာရေးအင်စတီကျူမှ အရှေ့အလယ်ပိုင်းရေးရာဌာန ညွှန်ကြားရေးမှူး လီကိုဖူက ပြောသည်။

ဤတိုက်ခိုက်မှုသည် စစ်ပွဲအသွင်ဆောင်ပြီး ဒေသတွင်း မငြိမ်သက်မှုကို ဖြစ်စေနိုင်ကြောင်း၊ တရုတ်အစိုးရက ဤကိစ္စရပ်ကို အထူးစိုးရိမ်ပူပန်နေကြောင်း လီကိုဖူက ပြောခဲ့သည်။

(ရိုက်တာ)

# တီကရစ်ရှိ အိုင်အက်စ်တို့ကို အမေရိကန်လေကြောင်းမှ စတင်တိုက်ခိုက်



**တီကရစ် မတ် ၂၆**

အီရတ်နိုင်ငံ တီကရစ်မြို့ရှိ အိုင်အက်စ် စစ်သွေးကြွများအား အမေရိကန်တို့က လေကြောင်းမှ စတင်တိုက်ခိုက်ပြီဖြစ်ကြောင်း အမေရိကန်စစ်တပ်က အတည်ပြုပြောကြားသည်။

အဆိုပါမြို့ကို အီရန်ကျောထောက်နောက်ခံမှုဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး အီရတ်ဝန်ကြီးချုပ်က အကူအညီတောင်းခံခဲ့သဖြင့် အမေရိကန်တို့က စတင်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

“ဒီတိုက်ခိုက်မှုတွေဟာ အိုင်အက်စ်တွေနဲ့ ခံတပ်စခန်းတွေကို ဖျက်ဆီးပစ်မှာ ဖြစ်ပါတယ်”ဟု အမေရိကန် ဒုတိယဗိုလ်ချုပ်ကြီး ဂျိမ်းစ်တယ်ရီက ပြောသည်။ သို့သော်လည်း တီကရစ်မြေပြင် စစ်ဆင်ရေးတွင် ဝါရှင်တန်က ပါဝင်ခြင်းမရှိသေးဟု ဆိုသည်။

“ဒီလေကြောင်း တိုက်ခိုက်မှုတွေကြောင့် အိုင်အက်စ်တွေရဲ့ အခြေခံအဆောက်အအုံတွေ ပြိုကျသွားနိုင်ပါတယ်”ဟု ဗိုလ်ချုပ်ကြီး တယ်ရီက ပြောသည်။

အီရတ်တို့၏ မြေပြင်ထိုးစစ်ကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည်စတင်ခဲ့ရာ အိုင်အက်စ်တို့၏ စခန်းများကို ပစ်မှတ်ထား၍ တိုက်ခိုက်ဖွယ်ရှိသည်ဟု အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။ **(ဘီဘီစီ)**

# ဘိုကိုဟာရမ်တို့ ထွက်ပြေးစဉ် ကလေးများကိုပါ ခေါ်ဆောင်သွားခဲ့

**ဒါမာဆက်(နိုင်ဂျီးရီးယား) မတ် ၂၆**

နိုင်ဂျီးရီးယားမြို့တစ်မြို့ကို စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းယူစဉ် အသက် ၁၁ နှစ်အောက် ကလေး ၅၀၀ ခန့် ပျောက်ဆုံးနေကြောင်း ဒါမာဆက်မြို့ခံတစ်ဦးက ဘီဘီစီသို့ ပြောသည်။ ဘိုကိုဟာရမ်တိုက်ခိုက်ရေးသမားများ ထွက်ပြေးစဉ် ကလေးများကိုပါ ခေါ်ဆောင်သွားခဲ့ကြောင်း နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းရှိ မြို့ခံကုန်သည်တစ်ဦးက ရိုက်တာသို့ ပြောခဲ့သည်။

နိုင်ဂျီးရီးယားနှင့် ချဒ်၌ တပ်ဖွဲ့ဝင်များသည် မတ်လအစောပိုင်းတွင် ဒါမာဆက်မြို့ကို သိမ်းပိုက်ခဲ့သည်။ စစ်သွေးကြွများက ကာလအတန်ကြာ အဆိုပါမြို့ကို ထိန်းချုပ်ထားခဲ့သည်။ ဘိုကိုဟာရမ်များကို ချေမှုန်းရာတွင် ဒေသဆိုင်ရာတပ်များက နိုင်ဂျီးရီးယားကို ကူညီပေးခဲ့သည်။ **(ဘီဘီစီ)**

# ချီလီကန္တာရဒေသ၌ ရုတ်တရက်ရေကြီးမှုကြောင့် နှစ်ဦးသေဆုံး

**ကိုပီရာပို မတ် ၂၆**

ကမ္ဘာ့အခြောက်သွေ့ဆုံးဒေသဖြစ်သည့် ချီလီနိုင်ငံ အတာကမာကန္တာရဒေသ၌ ရုတ်တရက်ရေလွှမ်းမှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး ၂၄ ဦး ပျောက်ဆုံးလျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

အန်ဒီး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချိုင့်ဝှမ်းများနှင့်မြို့များသို့ ရေများဝင်ရောက်ခဲ့သဖြင့် လူထောင်ပေါင်းများစွာတို့မှာ သောက်သုံးရေနှင့်လျှပ်စစ်ဓာတ်ပြတ်တောက်မှုကို ကြုံနေရသည်။ ကိုပီရာပိုမြို့တော်၌ မြစ်ရေသည် ကမ်းပါးကိုကျော်လွန်လျက် လျှံတက်သွားခဲ့သည်။

မြေပြိုမည့်အန္တရာယ်ကိုစိုးရိမ်ရသည့်အတွက် ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးစတင်လုပ်ဆောင်လျက်ရှိပြီး မိုးဆက်လက်ကြီးနိုင်မည်ဟု မျှော်လင့်ရသည်။ ရေလွှမ်းမိုးစဉ် လူတစ်ဦးမှာ လမ်းမပေါ်၌ ဓာတ်လိုက်သေဆုံးခဲ့ပြီး တစ်ဦးမှာမြေပြို၍သေဆုံးခဲ့သည်။ ချီလီသမ္မတ မီချယ်လ်ဘာချီလက်က တွေ့ဆုံရန်ရှိသည်များကို ဖျက်သိမ်းပြီး ကိုပီရာပိုသို့ သွားရောက်မည်ဟုဆိုသည်။

အင်္ဂါနေ့ကစတင်ခဲ့သည့် ရေကြီးမှုကြောင့် လမ်းများပိတ်ဆို့မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ဆက်သွယ်ရေးပြတ်တောက်မှုများဖြစ်ခဲ့သည်။ လူ ၃၈၀၀၀ တို့ လျှပ်စစ်ဓာတ်အားမရရှိသည့်အပြင် ၄၈၅၀၀ မှာ သောက်သုံးရေမရရှိဟု အာဏာပိုင်များကပြောသည်။ **(ဘီဘီစီ)**



# လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**မန္တလေး မတ် ၂၆**

လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူများအတွက် မတ် ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်ကြီးတံခွန်မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဌ ဦးမြတ်ထွန်း ဦးဆောင်သော ငါးလုပ်ငန်းအဖွဲ့ချုပ်က အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းထွန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူရှင်များက ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၂၄ ရက်အထိ လာရောက်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၉၄ ဒသမ ၉၈ သိန်းဖြစ်ကြောင်းနှင့် အဆိုပါအလှူရှင်များအား ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှုအထောက်အကူပြုကော်မတီမှတစ်ဆင့် တိုက်ပွဲရှောင်ပြည်သူများထံသို့ အမြန်ဆုံးရောက်ရှိအောင်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နှစ်(၇၀)မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ဦးမြတ်ထွန်းအောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ကတ္တရာလမ်းသစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(အဆိုပါ ဦးမြတ်ထွန်းအောင်လမ်း ကတ္တရာလမ်းသစ်မှာ အရှည် ၉၇၇ ပေ၊ အကျယ် ၁၀ ပေရှိပြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၉၇၇၂၄၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။)

**အမ်ကြီး (ညောင်လေးပင်)**

ပြည်တွင်းသတင်း

(နှစ် ၇၀ ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကဗျာ)

# မြတ်သောစွန့်လွှတ်ခြင်း

❖ အသက်အိုးအိမ်၊ ကိုယ့်စည်းစိမ်ပင်
ငဲ့ချိန်မဖြုံ၊ အရေးကြုံလျှင်
ရွံ့တုန်မကြောက်၊ ရင်တွင်းဖောက်၍
အမြောက်ခွင်းခွင်း၊ ဗုံးသွင်းသွင်းတည့်
သေခြင်းကြုံမည်၊ ကြိုသိသည်လည်း
ဇာနည်စိတ်ဓာတ်၊ အမွန်မြတ်ထက်
မြင့်မြတ်အရာ၊ မရှိပါပြီ။

❖ မြန်မာရွှေပြည်၊ ရွှေဌာနီဟု
အတည်ခိုင်ခံ့၊ ကမ္ဘာဟန့်သည့်
နိုင်ငံ့အာဏာ၊ အချုပ်ခြာကို
ထိလာစော်ကား၊ ကျူးသည်ကြားလျှင်
သည်းဖျားနာကြောင်း၊ သွေးနီမောင်းသော
သားကောင်းတို့စိတ်၊ ရင်ပြည့်သိပ်နှင့်
ဦးထိပ်မြတ်လေး၊ လွတ်လပ်ရေးကို
သွေးတိုးစမ်းသို့၊ ဖျက်ဆီးဖို့ဟု
တချို့မှိုင်းမြူ၊ ထိုထိုသူတို့
ဆူပူထကြွ၊ စော်ကားကြလျှင်
မြန်မာ့တပ်မတော်၊ သားမတော်တွေ
သေသော်ငရဲ၊ မလားဘဲမို့
ရဲဝံ့စွန့်စား၊ ပြည်သူ့သားဟု
ဆံဖျားသက်ကြွေ၊ စွန့်လွှတ်လေခဲ့....။

❖ ကိုယ့်မြေကိုယ့်ဌာန်၊ ကိုယ့်နိုင်ငံတွက်
အပ်နှံခန္ဓာ၊ ပြုခဲ့ပါသော
သစ္စာလေးချက်၊ ဦးထိပ်ရွက်၍
သက်ကြွေမမှု၊ စွန့်လွှတ်မှုကို
ယခုမြင်တွေ့၊ မျက်ရည်ဝေ့ကာ
ကြွေ့ကြွေ့ပျက်သုဉ်း၊ ခန္ဓာရှုံးလည်း
နှလုံးမွန်မြတ်၊ ဤစိတ်ဓာတ်နှင့်
တပ်မတော်သား၊ ပြည်သူ့ကြားမှ
ပေါက်ဖွား၍လာ၊ အစဉ်လာကို
ပမာထိန်လင်း၊ ရှင်နေမင်းသို့
ထင်းထင်းမြင်စေ၊ ပြနိုင်ပေ၏....။

❖ ကိုယ့်မြေအန္တရာယ်၊ ဘယ်သူကာကွယ်မလဲ...
ကိုယ့်နယ်အချုပ်အခြာ၊ ဘယ်သူကာမလဲ...
ကိုယ့်တာကိုယ်စည်း၊ ဘယ်သူဆီးမလဲ...
စစ်မီးလာမွှေး၊ ဘယ်သူ့သွေးနှင့်
ငြိမ်းပေးပါစ၊ အရေးကျက
မြန်မာ့မြတ်မော်၊ တပ်မတော်တည့်
ပျော်ပျော်ကြီးပင်၊ တိုက်ပွဲဝင်ခဲ့
မြေပြင်တောင်ကုန်း၊ ဝိုင်ဝိုင်မှုံး၍
နှလုံးသည်းပွတ်၊ သွေးရည်ဆွတ်၍
စွန့်လွှတ်စွန့်စား၊ ဇာနည်ဘွားတွေ
တရားသောစစ်၊ မြတ်သောစစ်ဖြင့်
ချစ်သောမြေမို့၊ ကာကွယ်ဖို့လျှင်
ချို့ချို့ခဲကာ၊ ပင်ပန်းပါစေ
ရဲစွာဝံ့ဝံ့၊ သက်မတွန့်ဘဲ
ယို့ရွံ့မကြောက်၊ ဒူးမထောက်ဘဲ
နောက်မဆုတ်တမ်း၊ စစ်မှုထမ်းရင်း
သွေးလမ်းဖောက်ရှု၊ စွန့်လွှတ်မှုကို...
ဂုဏ်ပြု ဦးညွှတ်ပါသတည်း....။ ။

မောင်ဟေမာ

## အထက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**




## စစ်တွေစက်မှုရပ်ကွက်တွင် မြေပိုင်ဆိုင်သူများဆက်သွယ်ရန် အကြောင်းကြားခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စစ်တွေစက်မှုရပ်ကွက် (ဆတ်ရိုးကျ)ရှိ မြေကွက်ရရှိထားသော လုပ်ငန်းရှင်များနှင့် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသောသူများအား ၃၁-၁-၂၀၁၅ရက် နောက်ဆုံးထားပြီး မိမိပိုင်ဆိုင်သော အထောက်အထားနှင့်အတူ စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီ၊ ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးသို့ ဆက်သွယ်သတင်းပို့ရန် အကြောင်းကြားခဲ့ရာ မြေကွက် ၂၅၄ကွက်၏ ပိုင်ရှင် ၁၀၅ဦးသာ လာရောက်သတင်းပို့ပြီး ယနေ့အထိ သတင်းပို့ရန် ကျန်မြေကွက် ၁၁၃ကွက် ရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ သတင်းပို့ရန်ကျန်သော မြေကွက်ပိုင်ရှင်များသည် ယခုကြေညာသည့်ရက်ပေါင်း (၆၀) ၃၀-၅-၂၀၁၅ရက် နောက်ဆုံးထား၍ စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီ၊ ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံး (တက္ကသိုလ်ရိပ်သာလမ်း၊ ဆရာမများလေးထပ်ဆောင်ရှေ့) စစ်တွေမြို့သို့ မိမိတို့၏ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ရုံးချိန်အတွင်း ဆက်သွယ်အကြောင်းကြားရန်နှင့် ဆက်သွယ်မှုမရှိသော မြေကွက်များအား စစ်တွေစက်မှုရပ်ကွက် တည်ထောင်ရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**စုံစမ်းရန်**
**စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေး ကော်မတီဥက္ကဋ္ဌ**
**ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးရုံး ဖုန်း-၀၄၃-၂၂၆၆၁**
**အတွင်းရေးမှူး၊ စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီ**
**ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံး**
**ဖုန်း-၀၄၃-၂၃၇၄၂၊ ၀၄၃-၂၃၇၉၃**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## ကျောက်မီးသွေးတင်သွင်းလိုသူများဖိတ်ခေါ်ခြင်း

(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများ ကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အတွက် ကျောက်မီးသွေး တန်ချိန် ၆၀၀၀၀ ကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးလိုပါသည်။

ကျောက်မီးသွေးအမျိုးအစား - Sub-Bituminous
တွေ့ဆုံဆွေးနွေးလိုသည့်ရက် - ၆-၄-၂၀၁၅ရက်
တွေ့ဆုံဆွေးနွေးလိုသည့်နေရာ - အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)

(၂) အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၃၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5059, K/A BON GO P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦး အောင်သိန်း ၁၂/အစန(နိုင်)၀၄၀၉၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ
## ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ၊ မဟာသင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ ရွှေရင်အေး မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆဋ္ဌမအကြိမ်မြောက်မဟာ စည်ဝိပဿနာသင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းကို(၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်မှ တန်ခူးလကွယ်နေ့အထိ) ၁၁-၄-၂၀၁၅ရက်မှ ၁၇-၄-၂၀၁၅ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်)၁၀-၄-၂၀၁၅ရက် ညနေအရောက်ကြွရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ**
**ဖုန်း-၀၉-၇၃၁၀၁၀၈၂၊ ၀၉-၇၃၀၃၈၃၅၁၊ ၀၉-၇၉၉၉၈၅၅၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၉၅၀၊ မြေကွက်တည်နေရာအမှတ် ၉၅၀၊ ဗညားဒလလမ်း၊ (၄၄)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသောင်းငွေ) AB-၀၄၄၃၀၅ အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းငွေကွယ်လွန်သဖြင့် ဒေါ်သင်းသင်းကြူ ၁၂/မရက(နိုင်)၀၀၇၃၄၂က တရားဝင်တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ တောကိုမှီ**

နှစ် (၇၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်သူကဖွား ပြည်သူ့သားတွေ ပြည်သူ့အတွက် အားဖြစ်စေ

**ကြယ်စင်နိုင်**

နွေရာသီ၏ သရုပ်ကို တပေါင်းလက ပီပြင်စွာ ဖော်ကျူးနေလေပြီ။ ခြောက်သွေ့သောရာသီဝယ် လေရူးတို့က တသုန်သုန်တိုက်ခတ်နေသည်။ ရွက်ဟောင်းတို့၏ တဖြောဖြောကြွေကျသံနှင့်အတူ လွမ်းစဖွယ်အော်မြည်နေသော ဥဩငှက်၏ တေးသံက နွေ၏အမှတ်သင်္ကေတတစ်ခုပင်ဖြစ်သည်။ ထိုသို့ခြောက်သွေ့ပူပြင်းမှုများနှင့် ဆန့်ကျင်စွာ စိန်ပန်း၊ ပေါက်ပန်းတို့က ရဲရဲနီစွာဖူးပွင့်နေကြသည်။ ထိုသို့ သဘာဝ၏ နီစွေးမှုများနှင့်အပြိုင် မြန်မာလူမျိုးတို့၏ ရဲရင့်သောသတ္တိကို ဖော်ပြနိုင်ခဲ့ပြီး မြန်မာတို့၏ တန်ဖိုးရှိလှစွာသော လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည်မှာ ရာသီကာလ တပေါင်းလတွင်ပင်ဖြစ်သည်။ နွေရာသီ မိန်ကာလ တပေါင်းလရာသီတွင် မြန်မာ့လွတ်လပ်ရေးအတွက် အစပြုခဲ့သော ထိုနေ့ရက်သည် မြန်မာအမျိုးသားတို့၏ စိတ်နှလုံးအိမ်ဝယ် မမေ့နိုင်သောအဖြစ်အပျက်တစ်ခုအဖြစ် စွဲထင်ကျန်ရစ်နေခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း (၇၀)။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်သည် "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ"ဟူသော သန္နိဋ္ဌာန်ဖြင့် ဖက်ဆစ်တို့ကို တော်လှန်ခဲ့ကာ တပ်မတော်သားတို့၏ အသက်သွေးချွေးများစွာပေးဆပ်ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာနိုင်ငံမြေပုံနှင့် မြန်မာနိုင်ငံအလံတော်သည် ယနေ့အချိန်တည်ရှိနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတည်သရွေ့ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးအဖြစ် ရပ်တည်ရှင်သန်နိုင်ရန် ခေတ်မီပြီး အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်ရှိရန်လိုအပ်ပေသည်။ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်၏အခန်းကဏ္ဍအရေးကြီးပုံကို ရှေးမြန်မာပညာရှိများက ရာဇဝင်ကျမ်းအသီးသီးတွင် ဖော်ပြခဲ့ကြသည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်အဆက်ဆက်ပြောင်းလဲခဲ့သည့် မြန်မာနိုင်ငံတော်တွင် ရှေးဘုရင်များလက်ထက်ကတည်းက မြို့၏အင်္ဂါခုနစ်ပါးကို (၁) ပြည့်ရှင်မင်း၊ (၂) ဆုံးဖြတ်စီရင်နိုင်သောအမတ်၊ (၃) ပြည်ထောင်ချင်း အဆွေခင်ပွန်းမင်း၊ (၄) ရတနာဆယ်ပါး၊ စပါးမျိုးခုနစ်ပါးနှင့် ပြည့်သောဘဏ္ဍာတိုက်၊ (၅) မြို့ပြကျုံးမြောင်းပစ္စင်ရင်လျှောက်၊ (၆) တိုင်းနိုင်ငံနှင့် (၇) ရဲမက်ဗိုလ်ပါဟူ၍ သတ်မှတ်ခဲ့သည်။ ရဲမက်ဗိုလ်ပါကို အင်္ဂါတစ်ပါးအဖြစ် မှန်နန်းရာဇဝင်တော်ကြီးတွင် ထည့်သွင်းထားသည်ကို ကြည့်လျှင် နိုင်ငံတော် တည်ဆောက်ရာတွင် ကာကွယ်ရေးသည် အထူးဦးစားပေးတစ်ရပ်အဖြစ် လိုအပ်ကြောင်း သိရှိနိုင်ပါသည်။

ပြောင်းလဲလာသည့် သမိုင်းကြောင်းတစ်လျှောက်တွင် အဖြစ်အပျက်များသည် ရေစီးကြောင်းသဖွယ် လျင်မြန်စွာ အစဉ်မပြတ် စီးဆင်းသွားခဲ့သည်။ အတိတ်ကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာ့သမိုင်းတွင် မြန်မာတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အဓွန့်ရှည်တည်တံ့စေရန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မိမိတို့၏ ယဉ်ကျေးမှုဖြစ်သော စာပေ၊ အနုပညာနှင့် ဘာသာ၊ သာသနာတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ထိုအခြင်းအရာများကို ထိခိုက်လာမည်ဆိုပါက အသက်ပေး၍ ကာကွယ်ရန် ဝန်မလေးသူများလည်း ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ကာကွယ်စောင့်ရှောက်ရန် ခိုင်မာရဲရင့်သော စိတ်ဓာတ်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန်ထက်သန်ပြီး တာဝန်ကျေပွန်သော စိတ်ဓာတ်တို့ဖြင့် ပြည့်စုံသူများလည်းဖြစ်သည်။ ထိုစိတ်ဓာတ်များမှာ မြန်မာတို့၏ ထူးခြားသော မွေးရာပါစိတ်ဓာတ်ဟုပင် ဆိုနိုင်သည်။ အမျိုးဘာသာသာသနာကို ထိပါးလာလျှင် ကာကွယ်စောင့်ရှောက်လိုသော၊ ဆတ်ဆတ်ထိမခံ လက်တုံ့ပြန်လိုသော စိတ်ဓာတ်နှင့် အတွေးအခေါ်၊ အယူအဆတို့သည် မြန်မာလူမျိုးတို့၏ အသွေးအသားထဲတွင် ခိုင်မြဲစွာရှိနေသည်ကို တွေ့ရသည်။ ဇာတိသွေး၊ ဇာတိမာန်သည် မြန်မာတို့၏ မွေးရာပါစိတ်ဓာတ်အဖြစ် ခိုင်မြဲရှင်သန်နေပြီး ထိုစိတ်ဓာတ်ဖြင့်ပင် ခေတ်အသီးသီး၌ တပ်မတော်များဖွဲ့စည်းတည်ထောင်ခြင်း၊ တပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းခြင်းတို့ကို ပြုလုပ်ကြကြောင်း မြန်မာရာဇဝင်များတွင် အထင်အရှားတွေ့ရှိရပါသည်။

မြန်မာလူမျိုးတို့သည် စစ်သွေးစစ်မာန်အပြည့်ဖြင့် နိုင်ငံတော်နှင့် လူမျိုးကို ကာကွယ်စောင့်ရှောက်လိုကြသည်။ မျိုးချစ်စိတ်ဓာတ်အထူးပြင်းထန်ကြသည်။ အမျိုးကိုထိလျှင် မချည့်အောင်နာတတ်သောစိတ်ဖြင့် ရန်သူကို တိုက်ခိုက်တတ်သည်။ ထိုစိတ်ဓာတ်ကို ၁၉၄၅ ခုနှစ် မတ်လတော်လှန်ရေးကြီးက သက်သေခံနေပေသည်။ အားမတန်သော်လည်း မလျှော့သောဇွဲမာန်ဖြင့် နှစ်ရှည်လများကြိုးစားအားထုတ်ခဲ့မှု၏ ရလဒ်အဖြစ် လွတ်လပ်ရေးတည်းဟူသော အသီးအပွင့်ကို ရရှိခဲ့သည်။ ထိုတော်လှန်ရေးကြီးတွင် တိုင်းရင်းသားပြည်သူအားလုံး ကလေးသူငယ်၊ ယောကျ်ား၊ မိန်းမ၊ ဘုန်းကြီးရဟန်း မကျန် ကျရာတာဝန်ကို ကျေပွန်စွာတပ်မတော်နှင့်ပူးပေါင်း ထမ်းဆောင်ခဲ့သဖြင့် ထိုသို့အောင်ပွဲရခဲ့ခြင်းဖြစ်ပြီး ထိုအောင်ပွဲသည် တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသည့် သာဓကတစ်ရပ်ပင်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ဘဝသည် တပ်မတော်နှင့်တစ်ဆက်တည်း၊ တစ်သားတည်းဖြစ်နေသည်ကို ဖျောက်ဖျက်မရအောင်ရှည်လျားလှသော သမိုင်းရာဇဝင်အဆက်ဆက်က ပြသနေပေသည်။ တပ်မတော်ထဲတွင် မိမိတို့၏ သား၊ ညီ၊ မောင်၊ ဦးလေး၊ ဘကြီးစသဖြင့် ဆွေရင်းမျိုးချာတို့တစ်ဦးမဟုတ်တစ်ဦးပတ်




သက်ပါဝင်နေသည်ဖြစ်ရာ တပ်မတော်နှင့်ပြည်သူ၊ ပြည်သူနှင့်တပ်မတော်သည် ခွဲခြား၍မရစကောင်းသကဲ့သို့ တစ်သားတည်းဖြစ်နေပေသည်။ ထို့ပြင်တပ်မတော်၏ ရပ်တည်မှုသည် မြန်မာလူမျိုးတို့၏ဘဝအတွင်းတည်ရှိနေပေသည်။

ရှေးယခင်ကာလက တိုင်းပြည်တွင် စစ်ရေးစစ်ရာ ပေါ်ပေါက်လာပါက တိုင်းပြည် မြို့ရွာများအတွင်းလှည့်လည်ကာ စစ်မြေပြင်သို့ လိုက်ပါမည့် စစ်သည်များကို ဆင့်ခေါ်လေ့ရှိသည်။ စစ်မှုထမ်းလိုသော ယောကျ်ားသားများကလည်း ဓားလွတ်ဆွဲကာ မြေပြင်သို့အတူလိုက်ပါမည့်အိုးစားဖက်ကို ရှာဖွေလေ့ရှိသည်။ ရှေးခေတ်မြန်မာ့တပ်မတော်ဟူသည် ပြည်သူများဖြင့် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်သည်။ ယနေ့ကာလတွင်လည်း မြန်မာနိုင်ငံတွင် စစ်မှုမထမ်းမနေရဥပဒေပြဋ္ဌာန်းထားခြင်းမရှိသဖြင့် မိမိစိတ်ဆန္ဒအရ တာဝန်ထမ်းဆောင်လိုသောသူများသည် တပ်မတော်အတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်ကြသည်။ ထို့ကြောင့် ယနေ့ခေတ် မြန်မာ့တပ်မတော်သည်လည်း ပြည်သူမှပေါက်ဖွားလာသော ပြည်သူ့သားများဖြင့်သာ ဖွဲ့စည်းထားသော တပ်မတော်ဖြစ်ကြောင်း တွေ့ရှိရသည်။

ပြည်သူ့သားများဖြင့် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်သဖြင့် တပ်မတော်သားတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို စောင့်သိရိုသေရန်လည်းကောင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားတို့၏သစ္စာကို စောင့်သိရိုသေရန်လည်းကောင်း၊ အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လည်းကောင်း၊ နိုင်ငံတော်၊ နိုင်ငံသားများနှင့် တပ်မတော်အတွက် အသက်ကိုပင်စွန့်လွှတ်ရန်လည်းကောင်း သစ္စာအဓိဋ္ဌာန်ပြုထားကြသူများဖြစ်သည်။

နိုင်ငံရှိလျှင် နိုင်ငံသားရှိစမြဲဖြစ်သည်။ နိုင်ငံသားရှိလျှင် ကာကွယ်စောင့်ရှောက်ရန် တပ်မတော်လည်းရှိရမည်ပင်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံသားများကို ရိုသေလေးစားရန် လိုအပ်သကဲ့သို့ နိုင်ငံသားများကလည်း တပ်မတော်ကို ချစ်ခင်မြတ်နိုးနေရန်လိုအပ်သည်။ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးပြီးနောက်ပိုင်း ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှ စတင်ကာ တပ်မတော်ကြီးတည်ရှိလာခဲ့သည်မှာ ယခုဆိုလျှင် ၇၄ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်၏ သမိုင်းတစ်လျှောက်လုံးတွင် ပြည်သူအတွက်လိုအပ်ပါက စစ်ရေးအားဖြင့် လည်းကောင်း၊ လူမှုရေးအားဖြင့် လည်းကောင်း ကာကွယ်စောင့်ရှောက်လာကြသည်ကို တွေ့နိုင်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းပဋိပက္ခများကြားထဲတွင် တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး မဆုံးရှုံးစေရန်နှင့် ပြည်ထောင်စုမပြိုကွဲစေရန် စွမ်းဆောင်ကြိုးပမ်းခဲ့သည်။ မချုပ်ငြိမ်းနိုင်သော ပြည်တွင်းစစ်မီးတောက်များကြာတွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို အတတ်နိုင်ဆုံး စောင့်ရှောက်ကာကွယ်ခဲ့သည်။

ထိုမျှမက ပြည်သူတို့ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်များ၊ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် မည်သည့်အချိန်တွင်မျှ မေ့ဖျောက်နိုင်မည်မဟုတ်သည့် နာဂစ်ကဲ့သို့သော သဘာဝကပ်ဆိုးကြီးကြောင့် ဘေးဒုက္ခရောက်ခဲ့ရသော ပြည်သူလူထုကို ကူညီကယ်ဆယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်သားတို့၏ ပုံရိပ်မှာ ပြည်သူများ၏ အသည်းနှလုံးတွင် ထဲထဲဝင်ဝင် တည်ရှိနေခဲ့သည်။ ထိုမျှမက နေရာဒေသတိုင်းတွင် တွေ့ကြုံနေရသည့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်ကျရောက်တိုင်း ပြည်သူတို့၏ ဘေးတွင် အစဉ်အမြဲရောက်ရှိကူညီနေသည်မှာ တပ်မတော်သားများပင်ဖြစ်ပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်စပ်ဒေသများတွင် အသက်ကို ပဓာနမထားဘဲ ဒေသတည်ငြိမ်အေးချမ်းစေရန်နှင့် အချုပ်အခြာအာဏာခိုင်မြဲစေရန် ဆူးကိုမွေ့ရာ၊ ရင်ကိုမြေကတုတ်လုပ်ကာ တရားသောစစ်ဆင်နွှဲနေသည်မှာလည်း တပ်မတော်သားများပင် ဖြစ်သည်။ တပ်မတော်သည် ပြည်သူမှ ပေါက်ဖွားလာသော ပြည်သူ့သားများဖြစ်သည့် အလျောက် ပြည်သူတို့အမှန်တကယ်လိုအပ်နေချိန်တွင် "ပြည်သူ့ဘက်သား ပြည်သူ့အား" အဖြစ် တည်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်သည်။

အချိန်ကာလသည် တရွေ့ရွေ့ပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုများကြားထဲတွင် မပြောင်းမလဲတည်ရှိနေသည်မှာ တပ်မတော်၏ ပြည်သူအပေါ်ထားရှိသည့် စိတ်ထားပင်ဖြစ်သည်။ ယခု ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် တပ်မတော်နေ့တွင်လည်း တပ်မတော်သည် နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဟူသည့် ဦးတည်ချက်များဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အတွက် အစဉ်ထာဝရ တည်ရှိနေမည်ဖြစ်ပါတော့သည်။ ။

**ဇာတိသွေး၊ ဇာတိမာန်သည် မြန်မာတို့၏ မွေးရာပါ စိတ်ဓာတ်အဖြစ် ခိုင်မြဲရှင်သန်နေ ပြီး ထိုစိတ်ဓာတ်ဖြင့်ပင် ခေတ်အသီးသီး၌ တပ်မတော်များ ဖွဲ့စည်းတည်ထောင်ခြင်း၊ တပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းခြင်း တို့ကို ပြုလုပ်ကြကြောင်း မြန်မာရာဇဝင်များ တွင် အထင်အရှားတွေ့ . . .**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် လုပ်ခနှုန်းများကို တိုးမြှင့်ပေးနိုင်ရန် နိုင်ငံတော်အစိုးရမှ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ သာမန်အသုံးစရိတ်တောင်းခံမှုများအနက်မှ လျှော့ချအသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(ပို့ဆောင်ရေး)၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ(လူမှုဖူလုံရေး)တို့မပါ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများအနက် ဖြတ်တောက်နိုင်သည့် အဖွဲ့အစည်းများနှင့် မှတ်ချက်ပြုရန်မရှိသည့် အဖွဲ့အစည်းများ၏ လစာစရိတ်၊ ပင်စင်လစာနှင့် ဆုကြေး၊ အတိုးတို့မပါ သာမန်အသုံးစရိတ်များမှ (၂)ရာခိုင်နှုန်းကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် ဝန်ကြီးဌာန ၁၄ ခုတို့၏ စုစုပေါင်းငွေကျပ် သန်းပေါင်း ၈၀၁၂ ဒသမ ၃၆၅ သန်းကို သာမန်အသုံးစရိတ်များမှ လျှော့ချနိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးမြှင့်ပြင်ဆင်ပေးသည့် လစာနှုန်းထားများ လျာထားချက်စာရင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)တွင် "ဝန်ထမ်းလစာနှင့် လုပ်ခနှုန်းများ၊ အကောက်နှုန်းများ၊ အခွန်နှုန်းများနှင့် အခြားလိုအပ်သည့်နှုန်းများကို ဥပဒေနှင့်အညီ ဆုံးဖြတ်သတ်မှတ်ရမည်" ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

**၂၀၁၂ ခုနှစ် မတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပသည့် တာဝန်ထမ်းဆောင်မှု (၁)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြောကြားသည့်မိန့်ခွန်းတွင် "လက်ရှိနိုင်ငံတော်၏ ငွေကြေးအခြေအနေ၊ ပြည်ပကြွေးမြီ၊ ဘတ်ဂျက်လိုငွေစသည့် မက်ခရိုစီးပွားရေး အခြေအနေတစ်ရပ်ရပ်အပေါ်မူတည်ပြီး အခြေအနေအချိန်အခါ သင့်ရင်သင့်သလို လစာစရိတ်တွေကို တိုးမြှင့်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း"ဖြင့်လည်း ထည့်သွင်းမိန့်ကြားခဲ့၊ ထို့ပြင် ၎င်းမိန့်ခွန်းတွင် "ကိုယ့်ယန္တရားတစ်ရပ်တည်းကိုပဲ အလေးပေးစဉ်းစားလို့ မဖြစ်တဲ့အခြေအနေမှာ ကျွန်တော်တို့အနေနဲ့ လစာ သို့မဟုတ် ထောက်ပံ့ကူညီမှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချိုင့်စဉ်းစား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း"ဖြင့် မိန့်ကြားခဲ့**

နိုင်ငံ့ဝန်ထမ်းများ၏ လစာ၊ စရိတ်နှုန်းထားများ တိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ တိုးမြှင့်မည့် လစာ၊ စရိတ်နှုန်းထားများ လျာထားသတ်မှတ်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက ပြုစုဆောင်ရွက်ခြင်း၊ တိုးမြှင့်သတ်မှတ်မည့် လစာ၊ စရိတ်များအတွက် ဘဏ္ဍာငွေလျာထားချက်များအား သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားခြင်း၊ တိုးမြှင့်သတ်မှတ်သည့် လစာ၊ စရိတ်နှုန်းထားများအား အတည်ပြုနိုင်ရန်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေးအတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။



ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် အထက်ပါ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စတင်တာဝန်ထမ်းဆောင်သည့်ကာလမှစ၍ ယခုအချိန်အထိ ၂၀၁၂ ခုနှစ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀ စီ တိုးမြှင့်ပေးခြင်းနှင့် နေ့စားလုပ်ခနှုန်း ကျပ် ၁၁၀၀ တွင် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ ထပ်ဆောင်းပေးခြင်း၊ ၂၀၁၃ ခုနှစ်တွင် လစာနှုန်းများကို ကျပ် ၂၀၀၀၀ စီ တိုးမြှင့်ပေးခြင်းနှင့် နေ့စားလုပ်ခနှုန်းကို ကျပ် ၁၁၀၀ မှ ကျပ် ၁၇၀၀ သို့ တိုးမြှင့်ပေးခြင်း၊ ၂၀၁၄ ခုနှစ်တွင် လစာနှုန်းများကို ကျပ် ၂၀၀၀၀ စီ တိုးမြှင့်ပေးခြင်းနှင့် နေ့စားလုပ်ခနှုန်းကို ကျပ် ၁၇၀၀ မှ ကျပ် ၂၀၀၀ သို့ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ် မတ် ၃၁ ရက် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည့် မိန့်ခွန်းနှင့်ခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနား၌ "လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ပင်စင်တို့ကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ နိုင်ငံတော်အတွင်း လဲလှယ်သုံးစွဲနေသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သော အချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း"ဖြင့် ပြောကြားခဲ့ပါကြောင်း။

ထို့ပြင် **၂၀၁၂ ခုနှစ် မတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည့် တာဝန်ထမ်းဆောင်မှု(၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြောကြားသည့် မိန့်ခွန်းတွင် "လက်ရှိနိုင်ငံတော်၏ ငွေကြေးအခြေအနေ၊ ပြည်ပကြွေးမြီ၊ ဘတ်ဂျက်လိုငွေစသည့် မက်ခရိုစီးပွားရေး အခြေအနေတစ်ရပ်ရပ်အပေါ် မူတည်ပြီး အခြေအနေအချိန်အခါ သင့်ရင်သင့်သလို လစာစရိတ်တွေကို တိုးမြှင့်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ဖြင့်လည်း ထည့်သွင်းမိန့်ကြားခဲ့ပါကြောင်း၊ ထို့ပြင် ၎င်းမိန့်ခွန်းတွင် "ကိုယ့်ယန္တရား တစ်ရပ်တည်းကိုပဲ အလေးပေးစဉ်းစားလို့ မဖြစ်တဲ့ အခြေအနေမှာ ကျွန်တော်တို့အနေနဲ့ လစာ သို့မဟုတ် ထောက်ပံ့ကူညီမှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချိုင့်စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ဖြင့် မိန့်ကြားခဲ့**ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် လုပ်ခနှုန်းများကို တိုးမြှင့်ပေးနိုင်ရန် နိုင်ငံတော်အစိုးရမှ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း လွှတ်တော်တွင် ဆွေးနွေးခြင်း၊ အရေးကြီးအဆိုတင်သွင်းခြင်း စသည်ဖြင့် အစဉ်တစိုက် တိုက်တွန်းခဲ့ကြပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ထားရှိသည့် စေတနာတရားကို ပြသခြင်းပင်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အားကစားတက္ကသိုလ် ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြေကြားစဉ်။ (သတင်းစဉ်)



မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၂၆**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ အားကစားကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၏ အားကစားတက္ကသိုလ်ဖွင့်လှစ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်နှင့် မည်သည့်အချိန်ကာလတွင် စတင်ဖွင့်လှစ် မည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အားကစားတက္ကသိုလ်ဖွင့်လှစ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေ ရရှိပါက တင်ဒါခေါ်ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုခြင်းနှင့် အားကစားလေ့ကျင့်ရေးပိုင်းဆိုင်ရာ ကိစ္စများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အားကစားတက္ကသိုလ် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်**

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ယူပြီး လွှတ်တော်အတည်ပြု

**နေပြည်တော် မတ် ၂၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သောအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒသဘောထားကိုရယူ၍ တစ်ပုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။



ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်



အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က အတည်ပြုသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

◆ ကျောဖုံးမှ

ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ လျှပ်စစ်မီး လုံလောက်စွာရရှိစေရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး စသည့်ကဏ္ဍများ ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုတိုးမြှင့်ပေးပြီး ဆေးရုံဆေးခန်းအတွင်း အခမဲ့ဆေးကုသမှု စတင်ခဲ့ပြီးနောက် ပြည်သူများ၏ အိတ်ထောင်မှ စိုက်ထုတ်ကုန်ကျနေရသည့် ကျန်းမာရေးအသုံးစရိတ်ကို လျှော့ချရာတွင် သက်ဆိုင်ရာ စစ်တမ်းများအရ ၈၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံသားတိုင်း နေရာဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူ့မျှော်မှန်းသက်တမ်းကို ညီတူညီမျှ တိုးမြှင့်စေရေးကို အားစိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံသားတိုင်းလူ့မျှော်မှန်း သက်တမ်း ပိုရှည်ရန် အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်းကို လျှော့ချနိုင်ရန် အဓိကဆောင်ရွက်ရမည့်အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ကာကွယ်ဆေးထိုးခြင်းသည် အရေးပါဆုံးအချက်တစ်ခု ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၇၈ ခုနှစ်တွင် အသက်တစ်နှစ်အောက် ကလေးများအတွက် ဘီစီဂျီ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်ရောဂါ ကာကွယ်ဆေး၊ ကိုယ်ဝန်ဆောင်မိခင်များအတွက်မေးခိုင်ရောဂါ ကာကွယ်ဆေးများနှင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၈၇ ခုနှစ်တွင် ဝက်သက်နှင့် ပိုလီယိုရောဂါ ကာကွယ်ဆေးများနှင့် ၂၀၀၃ ခုနှစ်တွင် အသည်းရောင် အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေး ထပ်မံထိုးပေးနိုင်ခဲ့ပါကြောင်း ။

၂၀၁၂ ခုနှစ်တွင် Haemophilus influenza type –b ကာကွယ်ဆေးအသစ် ပါဝင်သည့် Pentavalent vaccine ကို နိုင်ငံတော်ဘဏ္ဍာငွေ ထည့်ဝင်မှုနှင့် စတင်ထိုးနှံ ပေးခဲ့ပြီးနောက် အသက် ငါးနှစ်အောက်ကလေးများ သေဆုံးမှု အများဆုံးဖြစ်စေသည့် ပြင်းထန်အဆုတ်ရောင်ရောဂါ သေဆုံးမှုကို သုံးပုံတစ်ပုံခန့်အထိ လျှော့ချပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ အသက်တစ်နှစ်အောက် ကလေးများ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ရောဂါ (၈) မျိုးကို ကာကွယ်နိုင်သည့် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပြီး မြန်မာနိုင်ငံ၏ အသက် ငါးနှစ်အောက် ကလေးများ၊ သေဆုံးမှု အများဆုံး ဖြစ်စေသည့်ရောဂါများမှ ကာကွယ်ပေးခဲ့ပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်မှာ ကိုယ်ဝန်ဆောင်မိခင်များအဖို့ မေးခိုင်ကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းဖြင့် မိခင်နှင့်မွေးကင်းစကလေးကို မေးခိုင်ရောဂါမှ ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း။

ထောင်စုနှစ် ရည်မှန်းချက် အမှတ်(၄)ပြည့်မီစေရေး အသက်ငါးနှစ်အောက်ကလေးများ သေဆုံးမှုကို အရှင်မွေး ၁၀၀၀ တွင် ၄၃ ဦး အထိ လျှော့ချနိုင်ရန်အတွက် ကူးစက်ရောဂါ တားဆီးရေးနှင့် ကာကွယ်ဆေးထိုး လွှမ်းခြုံမှုမြင့်မားရေးတို့သည် အဓိကကျနေပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ကာကွယ်ဆေးလွှမ်းခြုံမှု ၈၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ယခင်နှစ်များထက် တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်းများအပြင် အပိုဆောင်း ကာကွယ်ဆေးထိုး လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့်သော်လည်းကောင်း၊ နေရာဒေသအလိုက်သော်လည်းကောင်း လိုအပ်သလို ဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါကြောင်း၊ ကာကွယ်ဆေးရရှိသင့်သည့် ကလေးများ တစ်ဦးတစ်ယောက်မျှမကျန်ရလေအောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ယာယီကယ်ဆယ်ရေးစခန်းများ၊ ဝေးလံခက်ခဲ နေရာဒေသများရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်များမှ လူအုပ်စုများကိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းရောက်ရှိစေခဲ့ပါကြောင်း။

ထိုသို့ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစေရန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ရရှိခဲ့သည့်မှတ်တိုင်များမှာ ၂၀၁၀ ပြည့်နှစ်တွင် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးကြောင်း ကြေညာနိုင်ခဲ့ခြင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုကို ၁၉၉၀ ပြည့်နှစ် သေဆုံးမှုနှုန်း၏ ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ ပိုလီယို ကင်းစင်သည့် အခြေအနေကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ရရှိခဲ့ခြင်းတို့ပင် ဖြစ်ပါကြောင်း။

ထပ်မံ၍ ဝက်သက်ရောဂါ ကင်းစင်မှု၊ ဂျိုက်သိုးနှင့် မွေးရာပါ ဂျိုက်သိုးရောဂါ လျော့ကျမှုများကို ၂၀၂၀ ပြည့်နှစ်တွင် ရရှိရန်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးအား ၂၀၁၅ ခုနှစ်တွင် ထည့်သွင်းထိုးနှံရန် လျာထားခဲ့ပါကြောင်း၊ ထို့အတွက် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်ခဲ့ပါကြောင်း။

ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်နှင့် တစ်နိုင်ငံလုံးရှိ အသက်ကိုးလမှ ၁၅ နှစ်အထိ ကလေး ၁၇ ဒသမ ၄ သန်းခန့်ကို ကာကွယ်ဆေးထိုးနိုင်ရန် လျာထားခဲ့ရာ ၇ ဒသမ ၈သန်း ထိုးပေးနိုင်ခဲ့ပြီး ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်တွင် အသက်ငါးနှစ်အောက် ကလေးအပါအဝင် ကျောင်းပြင်ပတွင် ရှိသည့်ကလေး ၈ ဒသမ ၇ သန်းကို ထိုးနှံပေးနိုင်ခဲ့၍ တစ်နိုင်ငံလုံး၏ ၉၅ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိခဲ့ပါကြောင်း။

ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်း အောင်မြင်စေသည့် နောက်ထပ်အဓိကကျသော အကြောင်းရင်းများမှာ GAVI Vaccine alliance ၏ ရန်ပုံငွေပံ့ပိုးမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ နည်းပညာပံ့ပိုးမှု၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုနှင့် တာဝန်ရှိသူအဆင့်ဆင့်၏မပြတ်ကြီးကြပ်ဆောင်ရွက်မှုများကြောင့်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာ၊ ဆရာမများ၏ ပူးပေါင်းပါဝင်မှု၊ တာဝန်ယူမှုကြောင့် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် ကာကွယ်ဆေးရရှိစေရန် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပညာရေးဝန်ကြီးဌာနကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့များအားလုံးကိုလည်း ကာကွယ်ဆေးထိုးရမည့် ကလေးတစ်ဦးမျှမကျန်ရအောင် စည်းရုံးပြီး ကာကွယ်ဆေးထိုးစုရပ်အရောက် ခေါ်ဆောင်လာနိုင်ခဲ့ကြ၍ ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ထပ်မံထည့်သွင်းထိုးနှံရမည့် ကာကွယ်ဆေးအသစ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဘေးကင်း ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နည်းပညာဆိုင်ရာ အကူအညီများနှင့် ကျောထောက်နောက်ခံပြုပေးခဲ့သည့် အမျိုးသားအဆင့်ကာကွယ်ဆေးထိုး လုပ်ငန်းဆိုင်ရာ အကြံပေးကော်မတီကိုလည်းကောင်းလေးစားစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့အပြင် ယခုလုပ်ငန်းအတွက် ပြည်သူလူထုစည်းရုံး လှုံ့ဆော်ရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ဆောင်ရွက်ကူညီပေးခဲ့ကြသည့် အနုပညာရှင်များ အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်းကို မှတ်တမ်းတင်အပ်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်းလုပ်ငန်းကို အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ် ဦးစီးဌာနများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးကိုလည်း မြန်မာနိုင်ငံ ပြည်သူလူထုနှင့် ရင်သွေးငယ်များကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်းကို ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ပံ့ပိုးသွားရမည် ဖြစ်သည့်အားလျော်စွာ နှီးနွှယ်သော ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံးမှ မြန်မာနိုင်ငံ၏ ရင်သွေးငယ်လေးများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုသီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်တို့က နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်း(၂၀၁၅)ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့် အတူအမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်းခင်းကျင်းပြသထားရှိသည့် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

## မြန်မာ့လက်ရွေးစင်အသင်း အင်ဒိုနီးရှားနှင့်ခြေစမ်းပွဲအတွက် အပြီးသတ်လူရွေး

**ရန်ကုန် မတ် ၂၆**

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၀ ကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် မတ် ၃၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ခြေစမ်းကစားမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးမှာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းများလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မြဝတီအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အပြီးသတ် ၂၀ ကိုရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာပြဿနာရှိနေသည့် မင်းမင်းသူ၊ ဇော်မင်းထွန်းနှင့် ကျော်ဇေယျာဝင်းတို့ အပါအဝင် ဂိုးသမားနှစ်ဦးတို့ ကျန်ရစ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားနှင့် ခြေစမ်းပွဲအတွက် ပဏာမ ကစားသမား ၂၅ ဦးဖြင့် နှစ်ပတ်ကျော်ကြာ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။



ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင် အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် အေဗရာမိုဗစ်၊ **လက်ထောက်နည်းပြ-** ဆာကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ-** ဒီနို၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် **ဂိုး-** ဗန်လား၊ ဟာရွှယ်၊ ပြည့်ဖြိုးအောင်၊ **နောက်တန်း-** ခင်မောင်လွင်၊ အောင်ဇော်၊ ဝင်းမင်းထွဋ်၊ ရဲဝင်းအောင်၊ သိန်းနိုင်ဦး၊ ဇော်လင်း၊ **အလယ်တန်း-** ပြည်မိုး၊ ဆောင်လမန်၊ ဟိန်းဇာအောင်၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ နန္ဒလင်း၊ ကျော်ချစ်၊ ရန်အောင်ဝင်း၊ ကြည်လင်း၊ **ရှေ့တန်း-** ကျော်ကိုကို၊ စိုးမင်းနိုင်နှင့် ဇင်မင်းထွန်းတို့ ပါဝင်ကြသည်။**သတင်း- ညီမြတ်သော်တာ**

**ဓာတ်ပုံ- စိုးညွန့်**

## အာရှယူ-၂၃ ခြေစစ်ပွဲအဖြစ် မြန်မာနှင့် တရုတ်(တိုင်ပေ)တို့ ယနေ့ကစားမည်

**ရန်ကုန် မတ် ၂၆**

တရုတ်(တိုင်ပေ)က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲအုပ်စု (F) ပွဲစဉ်များကို မတ် ၂၇ ရက် **(ယနေ့)**စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အိမ်ရှင် တရုတ်(တိုင်ပေ)အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်း ပါဝင်နေသော အုပ်စု (F)တွင် အိမ်ရှင် တရုတ်(တိုင်ပေ)၊ ဟောင်ကောင်နှင့် အာရှထိပ်သီး ဩစတြေးလျအသင်းတို့ ပါဝင်လျက်ရှိသည်။ ပွဲဦးထွက်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဟောင်ကောင်နှင့် ဩစတြေးလျ၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြန်မာနှင့် တရုတ် (တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်အတွက် ယခုအဖွင့်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။



မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် မတ် ၂၉ ရက်တွင် ဟောင်ကောင်၊ မတ် ၃၁ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အသင်းပေါင်း ၄၃ သင်းယှဉ်ပြိုင်နေပြီး အုပ်စု ၁၀ စုခွဲကာ ကျင်းပလျက်ရှိသည်။ အုပ်စုတစ်စုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရ ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

## ပြည်တွင်းသတင်း

*ပြည်ထောင်စုလွှတ်တော်မှ*

ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် တိုးမြှင့်သတ်မှတ်သည့် လစာကို မတ် ၂၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၅)တွင် အတည်ပြုခဲ့ပါကြောင်း၊ လစာနှုန်းထားများ တိုးမြှင့်ခြင်းမပြုမီ လစာနှုန်းထားနှင့် တိုးမြှင့်ပေးမည့် လစာနှုန်းထားများ၏ နှိုင်းယှဉ်မှုအခြေအနေမှာ-

(က) **တိုးမြှင့်ခြင်းမပြုမီ လစာနှုန်းထား**

- အနိမ့်ဆုံးလစာ ကျပ်၇၅၀၀၀ ဖြင့် ခွင့်ပြုထားပါကြောင်း။
- အမှုထမ်းများအတွက် နှစ်တိုးကို ကျပ် ၁၀၀၀ နှုန်းဖြင့် (၅)ကြိမ်နှင့် ရာထူးတစ်ဆင့်နှင့် တစ်ဆင့်ကို ကျပ် ၁၀၀၀ တိုးမြှင့်ထားပါကြောင်း။
- အမှုထမ်းမှ အရာထမ်းသို့ ခြားနားလစာမှာ ကျပ်၂၄၀၀၀ ဖြစ်ပါကြောင်း။
- အရာထမ်းများအတွက် နှစ်တိုးကို ကျပ် ၂၀၀၀ နှုန်းဖြင့် (၅)ကြိမ်နှင့် ရာထူးတစ်ဆင့်နှင့် တစ်ဆင့်ကို ကျပ် ၁၀၀၀၀ ဖြင့် ဒုညွှန်ချုပ်အဆင့်အထိ တိုးမြှင့်ထားပါကြောင်း။
- ညွှန်ချုပ်နှင့် ဒုညွှန်ချုပ်လစာကွာခြားချက်မှာ ကျပ် ၂၀၀၀၀ ဖြစ်ပါကြောင်း။
- အမြင့်ဆုံးလစာမှာ ကျပ် ၂၅၀၀၀၀ ဖြစ်ပါကြောင်း။
- အနိမ့်ဆုံးနှင့် အမြင့်ဆုံးလစာ ကွာခြားချက်မှာ ၃ ဒသမ ၃ ဆ ဖြစ်ပါကြောင်း။

(ခ) **တိုးမြှင့်ပေးသည့်လစာနှုန်းထား**

- အနိမ့်ဆုံးလစာ ကျပ် ၁၂၀၀၀၀ ဖြင့် တွက်ချက်ထားပါကြောင်း။
- အမှုထမ်းများအတွက် နှစ်တိုးကို ကျပ်၂၀၀၀ နှုန်းဖြင့် (၅)ကြိမ်ပေးရန်နှင့် တစ်ဆင့်နှင့် တစ်ဆင့်ကို ကျပ် ၅၀၀၀ တိုးမြှင့်ထားပါကြောင်း။
- အမှုထမ်းမှ အရာထမ်းသို့ ခြားနားလစာမှာ ကျပ် ၃၀၀၀၀ ဖြစ်ပါကြောင်း။
- အရာထမ်းများအတွက် နှစ်တိုးကို ကျပ် ၄၀၀၀ နှုန်းဖြင့် (၅)ကြိမ်ပေးရန်ဖြစ်ပြီး ရာထူးတစ်ဆင့်နှင့်တစ်ဆင့်ကို ကျပ် ၁၀၀၀၀ ဖြင့် ညွှန်ကြားရေးမှူးအဆင့်အထိ တိုးမြှင့်ထားပါကြောင်း။
- အမြင့်ဆုံးလစာကို ကျပ် ၅၀၀၀၀၀ ဖြင့်တွက်ချက်ထားပါကြောင်း။
- အနိမ့်ဆုံးနှင့် အမြင့်ဆုံးလစာ ကွာခြားချက်မှာ ၄ ဒသမ ၂ ဆ ဖြစ်ပါကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့် ပတ်သက်၍ ခွင့်ပြုပေးနိုင်မည့် နှုန်းထားသတ်မှတ်ချက်အား သီးခြားထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း၊ ဒေသစရိတ်ခံစားခွင့်နှင့် ပတ်သက်၍လည်း စိစစ်သုံးသပ်မှုများ ပြုလုပ်ပြီးပါက သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် သတ်မှတ်ထားသောလစာနှင့် စရိတ်နှုန်းထားများနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်စေမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်း (၂၀၁၁ -၂၀၁၂ မှ ၂၀၁၅ -၂၀၁၆ခုနှစ်)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုလွှတ်တော်၏ အဆိုပြုချက်များနှင့်အညီ အနှစ်(၂၀) နှစ်ရှည် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ခုနှစ်)အထိ ရေးဆွဲပြုစုခဲ့ပါကြောင်း၊ ပဉ္စမကာလ တို ငါးနှစ်စီမံကိန်းဟု ခေါ်ဆိုမှုကို ပထမငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ်)အထိကို အမည်ပြောင်းလဲခေါ်ဆို ပြင်ဆင်ခဲ့ပြီး "ပြည်သူ ဗဟိုပြုဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ရေးဆွဲထားပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံကိန်းအုပ်ချုပ်ရေး ယန္တရားပြုပြင်ဖွဲ့စည်းရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ပပျောက်ရေးအတွက် ဆောင်ရွက်မှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ ပြန်လည်ပြုပြင်ဖွဲ့စည်းရေး အစီအစဉ်များကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်းတွင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

ထို့အပြင် နှစ်စဉ်စီမံကိန်းများတွင်လည်း ထည့်သွင်းရေးဆွဲတင်ပြခဲ့ပြီး နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း နှစ်စဉ်စီမံကိန်းရည်မှန်းချက်တွင် နောက်ဆက်တွဲဖြင့် ပြည့်စုံစွာဖော်ပြခဲ့ပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းအပါအဝင် အရေးကြီးသည့် စီးပွားရေး၊ လူမှုရေး ညွှန်းကိန်း(၁၃)ခုကိုလည်း နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်နိုင်ရန် ပထမငါးနှစ်စီမံကိန်းတွင် ထည့်သွင်းဖော်ပြထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**(သတင်းစဉ်)**

---

❐ *ကျောဖုံးမှ*

၃။ လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့်အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ နှစ်တိုးကာလများအတိုင်း ဆက်လက်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုးစေ့ရောက်သည့်နေ့များ ပြောင်းလဲသွားခြင်းမရှိစေရ။

၄။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၄-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀/၂၀၁၂ ဖြင့် နိုင်ငံ့ဝန်ထမ်းများ (တပ်မတော် ကြည်း၊ရေ၊လေ ဝန်ထမ်းများအပါအဝင်) ၏ လစာအပေါ်တွင် ထပ်ဆောင်းပေးခဲ့သည့် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းကို ပယ်ဖျက်ပြီး ယခုပြောင်းလဲပြင်ဆင်သည့် လစာနှုန်းထားအတိုင်းသာ ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

၅။ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့်ပတ်သက်၍ ခွင့်ပြုပေးနိုင်မည့် နှုန်းထားသတ်မှတ်ချက်အား သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ ဒေသစရိတ်ခံစားခွင့်နှင့်ပတ်သက်၍လည်း စိစစ်သုံးသပ်မှုများ ပြုလုပ်ပြီးပါက သီးခြားထုတ်ပြန်သွားမည် ဖြစ်ပါသည်။

**တပ်မတော်(ကြည်း၊ရေ၊လေ) ဝန်ထမ်းများ၏ လစာနှုန်းများ**

၇။ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် သတ်မှတ်ထားသော လစာနှင့်စရိတ်နှုန်းထားများနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

**နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ခံစားခွင့်**

၈။ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများနှင့် အခြားအလားတူဝန်ထမ်းများသည် ပြည်ပတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ရှိခံစားနေသော လစာနှုန်းများအတိုင်းသာ နိုင်ငံခြားသုံးငွေဖြင့် ထုတ်ယူခံစားရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ရသည့်အခါတွင် မိမိရာထူးအဆင့်နှင့်လျော်ညီစွာ သတ်မှတ်ထားသော လစာနှုန်းသစ်ကိုခံစားရန် ဖြစ်ပါသည်။

၉။ ဤအမိန့်ကြော်ငြာစာအရ ခံစားခွင့်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ ခံစားခွင့်ရှိစေရမည်။

(ဝင်းရှိန်)
ပြည်ထောင်စုဝန်ကြီး

---

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် စင်ကာပူနိုင်ငံဝါရင့်ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယု ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ ညနေ ၄ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၂၃၆ ရှိ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံး၌ စင်ကာပူနိုင်ငံ ဝါရင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယု ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည်။



(သတင်းစဉ်)

---

*ပြည်သူ့လွှတ်တော်မှ*

**မွမ်းမံခြင်းကိစ္စနှင့်စပ်လျဉ်းပြီး မည်သည့်ပုဂ္ဂိုလ်များနှင့် မည်သို့ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်မွမ်းမံပြင်ဆင်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရန်အတွက် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့တွင် အဖွဲ့ဝင် ၁၂ ဦးဖြင့် "ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးကော်မတီ"ကို ဖွဲ့စည်းထားပါကြောင်း၊ ယင်းအပြင် အင်္ဂလန်နိုင်ငံမှ ကျန်းမာရေးဝန်ကြီးဟောင်းMr.Lord Darzi၊ အင်္ဂလန်နိုင်ငံမှ Rangoon General Hospital Reinvigoration Fund ၏ Trustee Dr. Michael Marett-Crosby၊ UK နိုင်ငံမှ Robin Cross, Ian Goodfellow, Louise Hansen Yangon Heritage Trist, မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဆောက်လုပ်ရေးကုမ္ပဏီ Myanmar Integrated Engineer Group အဖွဲ့၊ Quality Control အဖွဲ့ Nikki Group တို့မှလည်း အဆင့်မြှင့်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ကူညီလျက်ရှိပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဦးစီးဌာနမှ ခွင့်ပြုငွေ ငွေလုံး ငွေရင်း ရန်ပုံငွေကျပ်သန်း ၅၀၀၀ ခွဲဝေချထားပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ငွေလုံးငွေရင်း ကျပ်သန်း ၄၅၀၀ ခွဲဝေချထားပေးခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၄ ရက်အထိ တိုးချဲ့ငါးထပ်ဆောင် ဆောက်လုပ်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ Cyclotron PET/CT ဆောက်လုပ်ခြင်း ၉၇ ရာခိုင်နှုန်း၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန ပြုပြင်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း၊ ပင်မဆောင် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၃၈ရာခိုင်နှုန်း၊ O2 Plan ထားရှိရန် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်း၊ ဆေးစတို တည်ဆောက်ခြင်းလုပ်ငန်း ၃၅ ရာခိုင်နှုန်း၊ 1000 KVA Transformer တပ်ဆင်ခြင်း ၅၅ ရာခိုင်နှုန်းနှင့် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်း၊ စာသင်ခန်းမပြုပြင်ခြင်းလုပ်ငန်း ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **"မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

---

## ပညာရေးဝန်ကြီးဌာနသို့ လေမှုတ်တူရိယာများလှူဒါန်း

**နေပြည်တော် မတ် ၂၆**

ဂျပန်-မြန်မာချစ်ကြည်ရေးအဖွဲ့က လေမှုတ်တူရိယာ PIANICA လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင် Mr. Kondo HIDEJI တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဂျပန်- မြန်မာ ချစ်ကြည်ရေးအဖွဲ့မှ Mr. Iwata MITSUYOSHI က လေမှုတ်တူရိယာ PIANICAအလုံး ၃၀ ကို ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က လက်ခံရယူသည်။

ထို့နောက် ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့မှ ကျောင်းသူနှစ်ဦးက မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို လေမှုတ်တူရိယာ PIANICA ဖြင့် တီးမှုတ်ပြသခဲ့ကြပြီး ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(ပညာရေး)**

---

## မြေယာစီမံကိန်းများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၂၆**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Landesa (Rural Development Institute) မှ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Prof: Roy Prosterman နှင့်အဖွဲ့အား ယနေ့ညနေပိုင်း ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင်အမှတ် (I-2) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ညိုနှင့် ဒေါက်တာ စိုးမိုးအောင်တို့ တက်ရောက်ခဲ့ကြပြီး မြေအသုံးပြုရေး မူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာစီမံကိန်းများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်သူ့အကျိုး
ဖော်ဆောင်ဖို့
အခွန်မှန်စွာ
ပေးဆောင်စို့

---

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှ သင်တန်းသား သင်တန်းသူ ၁၆၉ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၃၀၊ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဒေသ၊ ရင်းတိုက်ကုန်းကျေးရွာမှ ပြည်သူ ၃၉ ဦး စုစုပေါင်း ၃၂၉ ဦးတို့သည် အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြည်လည်ထွက်ခွာသွားကြောင်း သိရသည်။

ပြည်ထောင်စု လွှတ်တော် ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာရန် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းဝင်များ နေ့စဉ်လာရောက်လျက်ရှိရာ ဇန်နဝါရီ ၂၀ မှ မတ် ၂၆ ရက်အထိ စုစုပေါင်း ၉၅၀၀ ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးသော နေပြည်တော် ကောင်စီနယ်မြေအတွင်း ဥတ္တရသီရိမြို့နယ် တရားရုံးဝန်ထမ်းအိမ်ရာ၊ ဥတ္တရသီရိမြို့နယ် မြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ် မြို့နယ်တရားရုံးတို့၏ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပခဲ့ရာ ဥတ္တရသီရိမြို့နယ် မြို့နယ်တရားရုံး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းဆွေ၊ ဒက္ခိဏခရိုင် တရားသူကြီး ဦးဝင်းကြွေနှင့် တာဝန်ရှိသူ ကုမ္ပဏီဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆောင်းပါး

# နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုများ

သက်ဇင်မိုး

၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ကနိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်လိုက်သည့် မင်္ဂလာသတင်းကို ကြားသိရသည်။ နိုင်ငံ့ဝန်ထမ်းအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသလို ဝန်ထမ်း၏ မိဘ ဆွေမျိုးများသည်လည်း ဝမ်းသာပီတိဖြစ်ကြမည်မှာ မလွဲပါ။ နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်မှုဇယားကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၆-၃-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းတင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်ကလည်း မှတ်တမ်းတင်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးရေးကို တောင်းဆိုနေကြသည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ဝမ်းသာကြည်နူးရှိကြပေမည်။ ဝန်ကြီး၏ ရှင်းလင်းတင်ပြချက်အရ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းတိုးမြှင့်သတ်မှတ်လိုက်သည့် ဇယားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အမှတ်စဉ် | လက်ရှိလစာနှုန်း | အမှတ်စဉ် | တိုးမြှင့်လစာနှုန်း |
|---|---|---|---|
| ၁ | ၇၅၀၀၀ - ၁၀၀၀ - ၈၀၀၀၀ | ၁ | ၁၂၀၀၀၀ - ၂၀၀၀ - ၁၃၀၀၀၀ |
| ၂ | ၈၁၀၀၀ - ၁၀၀၀ - ၈၆၀၀၀ | ၂ | ၁၃၅၀၀၀ - ၂၀၀၀ - ၁၄၅၀၀၀ |
| ၃ | ၈၇၀၀၀ - ၁၀၀၀ - ၉၂၀၀၀ | ၃ | ၁၅၀၀၀၀ - ၂၀၀၀ - ၁၆၀၀၀၀ |
| ၄ | ၉၃၀၀၀ - ၁၀၀၀ - ၉၈၀၀၀ | ၄ | ၁၆၅၀၀၀ - ၂၀၀၀ - ၁၇၅၀၀၀ |
| ၅ | ၉၉၀၀၀ - ၁၀၀၀ - ၁၀၄၀၀၀ | ၅ | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ |
| ၆ | ၁၀၅၀၀၀ - ၁၀၀၀ - ၁၁၀၀၀၀ | ၆ | ၁၉၅၀၀၀ - ၂၀၀၀ - ၂၀၅၀၀၀ |
| ၇ | ၁၁၁၀၀၀ - ၁၀၀၀ - ၁၁၆၀၀၀ | ၇ | ၂၁၀၀၀၀ - ၂၀၀၀ - ၂၂၀၀၀၀ |
| ၈ | ၁၄၀၀၀၀ - ၂၀၀၀ - ၁၅၀၀၀၀ | ၈ | ၂၅၀၀၀၀ - ၄၀၀၀ - ၂၇၀၀၀၀ |
| ၉ | ၁၆၀၀၀၀ - ၂၀၀၀ - ၁၇၀၀၀၀ | ၉ | ၂၈၀၀၀၀ - ၄၀၀၀ - ၃၀၀၀၀၀ |
| ၁၀ | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ | ၁၀ | ၃၁၀၀၀၀ - ၄၀၀၀ - ၃၃၀၀၀၀ |
| ၁၁ | ၂၀၀၀၀၀ - ၂၀၀၀ - ၂၁၀၀၀၀ | ၁၁ | ၃၄၀၀၀၀ - ၄၀၀၀ - ၃၆၀၀၀၀ |
| ၁၂ | ၂၂၀၀၀၀ - ၂၀၀၀ - ၂၃၀၀၀၀ | ၁၂ | ၃၈၀၀၀၀ - ၄၀၀၀ - ၄၀၀၀၀၀ |
| ၁၃ | ၂၅၀၀၀၀ - ၂၀၀၀ - ၂၆၀၀၀၀ | ၁၃ | ၅၀၀၀၀၀ |

နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်သည်ဆိုရာတွင် အပိုထောက်ပံ့ကြေးပေးအပ်ခြင်း၊ အခြေခံလစာနှုန်းထား တိုးမြှင့်ခြင်း၊ နှစ်တိုးရေတွက်သည့်နှစ်၊ နှစ်တိုးလစာနှုန်းတို့ကို ပြောင်းလဲသတ်မှတ်ပေးခြင်း စသည်ဖြင့် အမျိုးမျိုးရှိရာ ယခုတိုးမြှင့်ပေးသည့်ပုံစံမှာ အခြေခံလစာနှုန်းကို တိုးမြှင့်ပေးသည့်အပြင် နှစ်တိုးလစာနှုန်းကိုလည်း တိုးမြှင့်ပေးခဲ့သည်ကို ဇယားတွင် တွေ့ရှိရပါသည်။

ဝန်ကြီး၏ ရှင်းလင်းတင်ပြချက်အရ လက်ရှိပေးအပ်နေသော အပိုထောက်ပံ့ကြေး ကျပ်၃၀၀၀၀/-ကို ပယ်ဖျက်မည်ဟုသိရှိရသည်။ ဤနေရာတွင် အချို့က ကျေနပ်မှုရှိကောင်းမှ ရှိပေမည်။ ဥပမာ-အနိမ့်ဆုံးလစာနှုန်းကျပ်၇၅၀၀၀/-မှ စပါသည်။ ၎င်းဝန်ထမ်းသည် လက်ရှိ ကျပ် ၇၅၀၀၀/- နှင့် အပိုထောက်ပံ့ကြေး ကျပ်၃၀၀၀၀/- ပေါင်း ကျပ် ၁၀၅၀၀၀/- ခံစားရပါသည်။ ယခု တိုးမြှင့်ပေးသည့် လစာနှုန်းအရ အခြေခံလစာမှာ ကျပ် ၁၂၀၀၀၀/-ဖြစ်သဖြင့် ၁၅၀၀၀/- သာ တိုးသည်ဟု အကြမ်းဖျင်းတွက်ချက်နိုင်ပါသည်။ သို့ရာတွင် သက်ဆိုင်ရာဝန်ထမ်းအတွက် အကျိုးကျေးဇူးမှာ ထို့ထက်မကရှိပါသည်။ ၎င်းမှာ ပင်စင်လစာနှင့် ဆုကြေး တိုးမြှင့်ခံစားနိုင်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်စင်လစာ ဆုကြေးများတွက်ချက်သည့်အခါ မူရင်းလစာကိုသာ မူတည်၍ တွက်ချက်ရပြီး အပိုထောက်ပံ့ကြေးသည် ပင်စင်လစာ ဆုကြေးတွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်နိုင်မှု မရှိသည့်အတွက် ဖြစ်ပါသည်။ ၎င်းကို နှိုင်းယှဉ်တွက်ချက်ပြရမည်ဆိုပါက အနိမ့်ဆုံးလစာနှုန်းရရှိသူ လုပ်သက် ၃၀ နှစ်ရှိ ဝန်ထမ်းတစ်ဦး ပင်စင်ယူပါကရရှိမည့်ပင်စင်လစာနှင့် ဆုကြေးနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ပင်စင်လစာ = နောက်ဆုံးထုတ်လစာ x လုပ်သက်နှစ် x ၁.၅ %

ကျပ် ၇၅၀၀၀ နှုန်း = ၇၅၀၀၀ x ၃၀ x ၁.၅ % = ၃၃၇၅၀

ကျပ်၁၂၀၀၀၀နှုန်း = ၁၂၀၀၀၀ x ၃၀ x ၁.၅ % = ၅၄၀၀၀

လုပ်သက်ဆုငွေ = နောက်ဆုံးထုတ်လစာ x လုပ်သက်နှစ် x ၅၀ %

ကျပ်၇၅၀၀၀ နှုန်း = ၇၅၀၀၀ x ၃၀ x ၅၀ % = ၁၁၂၅၀၀၀

ကျပ်၁၂၀၀၀၀ နှုန်း = ၁၂၀၀၀၀ x ၃၀ x ၅၀ % = ၁၈၀၀၀၀၀

သို့ဖြစ်၍ ပင်စင်လစာတွင် တစ်လလျှင် ကျပ်၂၀၂၅၀/- ပိုမိုရရှိနိုင်ပြီး၊ ပင်စင်ဆုကြေးတွင် ကျပ် ၆၇၅၀၀၀/- ပိုမိုရရှိနိုင်သည်ကို တွေ့ရှိနိုင်ပါသည်။

အနိမ့်ဆုံးမှစ၍ အမြင့်ဆုံးအထိ အဆင့်အသီးသီးတွင်လည်း အလားတူ အကျိုးကျေးဇူးရရှိပါသည်။ မိမိတို့နိုင်ငံတွင် ဝန်ထမ်းအသက် ၆၀ ပြည့်၍ ပင်စင်ယူသောအခါဖြစ်စေ၊ သတ်မှတ်လုပ်သက်ပြည့်၍ ပင်စင်ယူသောအခါ ဖြစ်စေ တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ ဝန်ထမ်း၏ အသက်ထက်ဆုံး ပင်စင်လစာ ခံစားခွင့်ပြုထားသည့်အပြင် ဝန်ထမ်း သေဆုံးသည့်အခါ ကျန်ရစ်သူမိသားစုကိုလည်း မိသားစုပင်စင် ခံစားခွင့်များကို နိုင်ငံတော်ကပင် တာဝန်ယူ၍ ဆက်လက်ထောက်ပံ့ပေးနေခြင်းဖြစ်ပါသည်။နိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်းများ အပေါ် စောင့်ရှောက်မှုမှာ ကြီးမားပါသည်။

**နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကို စဉ်းစားသုံးသပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေ၊ လက်ရှိခံစားခွင့်ပြုထားသော နှုန်းထားများ၏ အခြေအနေတို့ကိုအခြေခံ၍ စဉ်းစားရ**

တိုးမြှင့်သတ်မှတ်သည့် လစာနှုန်းထားများအရ အဆင့်အလိုက် တိုးမြှင့်ရရှိသည့် မူရင်းလစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အနိမ့်ဆုံးအဆင့် | အဆင့် | အပိုထောက်ပံ့ကြေး ထည့်မတွက်ပါက | အပိုထောက်ပံ့ကြေး ထည့်တွက်ပါက |
|---|---|---|---|---|
| ၁။ | ၇၅၀၀၀ | အဆင့် ( ၁ ) | ၄၅၀၀၀ | ၁၅၀၀၀ |
| ၂။ | ၈၁၀၀၀ | အဆင့် ( ၂ ) | ၅၄၀၀၀ | ၂၄၀၀၀ |
| ၃။ | ၈၇၀၀၀ | အဆင့် ( ၃ ) | ၆၃၀၀၀ | ၃၃၀၀၀ |
| ၄။ | ၉၃၀၀၀ | အဆင့် ( ၄ ) | ၇၂၀၀၀ | ၄၂၀၀၀ |
| ၅။ | ၉၉၀၀၀ | အဆင့် ( ၅ ) | ၈၁၀၀၀ | ၅၁၀၀၀ |
| ၆။ | ၁၀၅၀၀၀ | အဆင့် ( ၆ ) | ၉၀၀၀၀ | ၆၀၀၀၀ |
| ၇။ | ၁၁၁၀၀၀ | အဆင့် ( ၇ ) | ၉၉၀၀၀ | ၆၉၀၀၀ |
| ၈။ | ၁၄၀၀၀၀ | အဆင့် ( ၈ ) | ၁၁၀၀၀၀ | ၈၀၀၀၀ |
| ၉။ | ၁၆၀၀၀၀ | အဆင့် ( ၉ ) | ၁၂၀၀၀၀ | ၉၀၀၀၀ |
| ၁၀။ | ၁၈၀၀၀၀ | အဆင့် (၁၀) | ၁၃၀၀၀၀ | ၁၀၀၀၀၀ |
| ၁၁။ | ၂၀၀၀၀၀ | အဆင့် (၁၁) | ၁၄၀၀၀၀ | ၁၁၀၀၀၀ |
| ၁၂။ | ၂၂၀၀၀၀ | အဆင့် (၁၂) | ၁၆၀၀၀၀ | ၁၃၀၀၀၀ |
| ၁၃။ | ၂၅၀၀၀၀ | အဆင့် (၁၃) | ၂၅၀၀၀၀ | ၂၂၀၀၀၀ |

သို့ဖြစ်ရာ အပိုထောက်ပံ့ကြေးကိုပါ ထည့်တွက်ပါက အနိမ့်ဆုံးအဆင့်များသည် များစွာမတိုးဟု သုံးသပ်နိုင်သော်လည်း ရေရှည်အတွက်ကိုကြည့်ပါက ဝန်ထမ်းတွင် အကျိုးကျေးဇူးခံစားရပါသည်။ အစိုးရဌာနအဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် တာဝန်များအရ အမြင့်ဆုံးအဆင့်ဝန်ထမ်းမှာ အဖွဲ့အစည်းတစ်ခုလုံးကို တာဝန်ခံရသူ၊ တစ်နည်းအားဖြင့် တာဝန်အရှိဆုံး၊ တာဝန်အကြီးဆုံးသူ ဖြစ်ပေသည်။ ရာထူးအဆင့်မြင့်လာလေလေ တာဝန်ကြီးမားလာလေလေဖြစ်ပေသည်။ ဦးရေမှာလည်း နည်းသွားမည် ဖြစ်ပေသည်။ အနိမ့်ဆုံးရာထူးအဆင့်များတွင်မူ တာဝန်ခံရမှုအနေအထားနည်းပါးသလို တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်း များစွာမရှိလှပေ။ တာဝန်ကြီးလေးမှု အနေအထားမှာလည်း အဆင့်အလိုက် ကွာခြားမှု ရှိပေသည်။ အနိမ့်ဆုံးအဆင့်များတွင် ဝင်ပေါက်ရာထူးအရခန့်အပ်ရေးကိစ္စများ ပိုမိုမြန်ဆန်သဖြင့် ဦးရေမှာလည်းများပြားမည် ဖြစ်ပေသည်။ သက်ဆိုင်ရာသို့ စုံစမ်းချက်အရ အနိမ့်ဆုံးအဆင့်များတွင် တစ်နိုင်ငံလုံး စုစုပေါင်းရုံးအကူ၊ စာပို့ (၁၃၀၀၀၀) ခန့်၊ အငယ်တန်းစာရေး (၂၇၀၀၀၀) ခန့်၊ အကြီးတန်းစာရေး (၂၈၀၀၀၀)ခန့်ရှိကြောင်း သိရှိရပါသည်။ ညွှန်ကြားရေးမှူးအဆင့်မှာ (၇၀၀)ကျော်ခန့်၊ အမြင့်ဆုံးညွှန်ကြားရေးမှူးချုပ် အဆင့်မှာ (၂၅၀)မှ(၃၀၀)ကြား ခန့်သာရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ အဆင့်အလိုက် တိုးမြှင့်ပေးသည့် လစာနှုန်းမှာလည်း ဤသို့ပင် အဘက်ဘက်က စဉ်းစား၍ သင့်တင့်မျှတစွာ တိုးမြှင့်ပေးရခြင်းမျိုးဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ရေးကို စဉ်းစားသုံးသပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေ၊ လက်ရှိခံစားခွင့်ပြုထားသော နှုန်းထားများ၏ အခြေအနေတို့ကိုအခြေခံ၍ စဉ်းစားရသည်။ ၎င်းအပြင် ထပ်မံစဉ်းစားရသည့် အချက်များမှာ စုစုပေါင်းဝန်ထမ်းဦးရေ၊ အဆင့်အလိုက် ဝန်ထမ်းဦးရေ၊ အဆင့်အလိုက် ထမ်းဆောင်ရသည့် တာဝန်နှင့် ပေးဆပ်ရသည့်လုပ်အား၊ ပြင်ပမှ ပုဂ္ဂလိက၊ အများပိုင် လုပ်ငန်းများက ပေးနိုင်သော အနိမ့်ဆုံးလုပ်ခနှုန်း အခြေအနေ၊ နိုင်ငံတော်၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အချိုးအစား၊ လစာနှုန်းတိုးမြှင့်မှုနှင့်ဆက်စပ်၍ ပေးရသည့် ပင်စင်၊ ဆုကြေး၊ နေ့တွက်စရိတ်၊ နေ့စားလုပ်ခစသည်များ၊ ပုံသေလစာဖြင့် ခန့်အပ်သည့် ဝန်ထမ်းများစသည်တို့ ဖြစ်ပါသည်။ ယင်းသို့အဘက်ဘက်မှ တွက်ချက်စဉ်းစားသုံးသပ်ရသည့်အပြင် လစာနှုန်း တိုးမြှင့်ပေးပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကာကွယ်ရန်နည်းလမ်းများကိုလည်း ကြိုတင်မျှော်တွေးစဉ်းစားရပါသည်။ ဝန်ထမ်းလစာနှုန်းများ မည်မျှပင် တိုးမြှင့်စေလိုသည်ဖြစ်စေ၊ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု အရှိန်အဟုန်ကို အထိခိုက်ခံ၍ မဖြစ်ပေ။ အခြားစဉ်းစားဖွယ်ရာ တစ်ခုမှာ နိုင်ငံ့ဝန်ထမ်းများအတွက် ဆောင်ရွက်ပေးရာတွင် လစာနှုန်းသာမက ဝန်ထမ်းများနှင့် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေးတို့အပါအဝင် လူမှုရေးလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးသည့် လုပ်ငန်းများလည်း ဆောင်ရွက်ပေးနေရခြင်းကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဘဏ္ဍာရေးဝန်ကြီး၏ လွှတ်တော်တွင် တင်ပြချက်အရ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းများ အခမဲ့ဆေးကုသနိုင်ရန် ကျပ် ၃၇.၄၉၂ ဘီလီယံ ထည့်သွင်းလျာထားကြောင်း၊ ဝန်ထမ်းများကို ပြည်ပပညာတော်သင်စေလွှတ်ခြင်း၊ သင်တန်းများစေလွှတ်ခြင်း၊ ပြည်ပအတွေ့အကြုံရရှိစေရန်၊ ရက်ရှည်ဆွေးနွေးပွဲများ၊ ရက်တို ဆွေးနွေးပွဲများစေလွှတ်ခြင်း၊ ဝန်ထမ်းများ တာဝန်ဖြင့် ခရီးသွားလာမှုအတွက် ခရီးစရိတ်များ ခွင့်ပြုရခြင်း၊နေ့တွက်စရိတ်များ ခွင့်ပြုရခြင်း၊ ဝေးလံခေါင်းပါး ဒေသများတွင် တာဝန်ထမ်းဆောင်သူများကို ပိုမိုသော လစာနှုန်းထားများဖြင့် ဒေသစရိတ်ချီးမြှင့်ပေးရခြင်း စသည်ဖြင့် ဆောင်ရွက်ပေးမှုများစွာရှိသည်ကိုလည်း ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။

အရေးကြီးသည့် သုံးသပ်ရန် အချက်တစ်ခုမှာ နိုင်ငံတော်၏ ဘတ်ဂျက်တွင် ပိုငွေပြ၍ လစာတိုးပေးနိုင်ခြင်း မဟုတ်သည့် အချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဘတ်ဂျက်သည် များသောအားဖြင့် လိုငွေပြသည့်နှစ်က အများစုဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသစ် လက်ထက်တွင်လည်း ၂၀၁၅-၂၀၁၆ ခုနှစ် အပါအဝင် (၅)နှစ်စလုံးတွင် လိုငွေပြ ဘတ်ဂျက်သာဖြစ်ပါသည်။ ယင်းသို့ လိုငွေပြဘတ်ဂျက် ဖြစ်ရခြင်းမှာလည်း နိုင်ငံတော်၏ ရငွေသုံးငွေ အခြေအနေတို့အရသာ ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများသာမက စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံများတွင်ပါ လိုငွေပြဘတ်ဂျက်ဖြင့် ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာလိုငွေပြနေသည့်အခြေအနေကြားမှ ဤသို့ တိုးမြှင့်ပေးလိုက်ခြင်းသည် မလွဲမသွေ အခြားသော သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်လျှော့ချပြီးမှသာ ဆောင်ရွက်ရခြင်းဖြစ်ပေသည်။ ဤအချက်သည် နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုမှုနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ထားရှိသည့် စေတနာကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ထူးခြားသည့် နေ့အပူချိန်များ**

ထူးခြားသည့် နေ့အပူချိန်များမှာ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် ၁ဒသမ ၄၉ လက်မ၊ ရေဦးမြို့တွင် ၁ဒသမ ၃၀ လက်မ၊ ဟဲဟိုးမြို့တွင် ၁ဒသမ ၂၆ လက်မ၊ ကျိုင်းတုံမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ မုံရွာမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် ၀ ဒသမ ၇၅ လက်မစီနှင့် ဟုမ္မလင်းမြို့နှင့် မိတ္ထီလာမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီတို့ ဖြစ်ကြသည်။ (မိုး/ဇလ)

ဆောင်းပါး

# ပန်ဆုယူ တာရေသွန်းချိန်မို့ . . .

စမ်းဦး(ကသာ)

**''သင်္ကြန်နှစ်ကူး တူးပို့တူးပို့ တူးသံမြူးသာယာ သင်္ကြန်မယ်များ တူးပို့တူးပို့ တူးမာရဲ့နော်ဗျာ''**

မဟာသင်္ကြန်ပွဲတော် နီးကပ်လာပြီဖြစ်သည်နှင့် အညီ သင်္ကြန်သီချင်းများကို နေရာတိုင်းလိုလိုမှာပင် ကြားနေရသည်။ သွက်လက်မြူးကြွသည့် ဒိုးဆစ်တီးလုံးကြောင့် နားဆင်ရသူတိုင်း ပျော်ရွှင်တက်ကြွလန်းဆန်းလာရသည်။ ဩော်. . . ဘာလိုလိုနှင့် သင်္ကြန်ပွဲတော် ရောက်တော့မှာပါလား. . .။

၁၃၇၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် သင်္ကြန်ကျတော့မည်။ မြန်မာ့ရိုးရာအစဉ်အလာ၊ တစ်ဆယ့်နှစ်လရာသီပွဲတော်များအနက် ပျော်ရွှင်ကြည်နူးစရာအကောင်းဆုံး၊ တစ်ပြည်လုံးအတိုင်းအတာဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲကြသည့် မဟာသင်္ကြန် ပွဲတော်ကြီးသို့ ရောက်ရှိပေတော့မည်။ မကြာမြင့်မီကာလအတွင်း သင်္ကြန်မိုး တစ်ဖြိုက်နှစ်ဖြိုက်ရွာပြီး ပန်းပိတောက်မင်းတွေက လမ်းတစ်လျှောက်သင်းပျံ့ မွှေးကြိုင်ကြပေဦးမည်။ စာဆိုတော်ကြီး ဦးကြော့က ပိတောက်ပန်း၏ဂုဏ်ဒြပ်ကို **''လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ''**ဟူ၍လည်းကောင်း၊ **''ဆန်းသလောက် မလင်းနိုင်ဘူး၊ လမ်းတစ်လျှောက် သင်းပါဘိ၊ ပန်းပိတောက်မင်း''** ဟူ၍လည်းကောင်း ဂုဏ်တင်စပ်ဆိုခဲ့ပေသည်။ နွေရာသီ၏အပူဒဏ်ကို သင်္ကြန်ရေဖြင့်အေးမြစေသကဲ့သို့ ပိတောက်ပန်း၏အလှ ပိတောက်ပန်း၏ရနံ့က လူသားတို့၏ရင်ကို ကြည်နူး လန်းဆန်း မေတ္တာပန်းတို့ ပွင့်စေပေသည်။

မြန်မာရာဇဝင်၏ အစောဆုံးကာလဖြစ်သည့် ပုဂံခေတ်၌ပင်လျှင် ရေပက်ဖျန်းကစားသည့်ဓလေ့ ထွန်းကားနေပြီဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီး၌ **''နရသီဟပတေ့ခေါ် ပုဂံမင်းသည် နွေလအခါ ဧရာဝတီမြစ်ဆိပ်တွင် မင်းတဲလုံခြုံစွာဆောက်၍ နန်းတော်မှ မြစ်ဆိပ်အရောက် လူသူမမြင်သော တဲနန်းဥမင်ဖြင့် ကြွတော်မူ၍ မိဖုရား၊ မောင်မမိဿံတို့နှင့်အတူ ရေဖျန်းသဘင် ဆင်ယင်ကျင်းပသည်''**ဟူ၍ ရေးသားဖော်ပြထားပေသည်။

ဆိုသည့်ရွာစား ဦးအောင်ကြီးရေးသားသည့် အင်းဝမြို့ဘွဲ့ (၁၂)ရာသီလူးတားတွင် **''တောင်လေသုတ်ဖြူး၊ လတန်ခူးမူ၊ မြူးတူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ၊ လည်လှည့်ဆူလှယ်၊ တင်စမ္ပာယ်လျက်၊ ပြုံးရွှယ်ရွှင်အား၊ စံပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး''**ဟူ၍ အင်းဝခေတ် အတာသင်္ကြန်မြင်ကွင်းကို ကဗျာဖြင့်အသက်သွင်းခဲ့လေသည်။ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းဆင်နွှဲခဲ့ကြသည့် အတာသင်္ကြန်ပွဲတော်ဟူသည်မှာ မြန်မာတို့၏ရွှေအိပ်မက်၊ မြန်မာတို့၏ အလှ၊ မြန်မာတို့၏ ဘဝပင်ဖြစ် ပေသည်။

ရာသီစဉ်လာ မြန်မာ့ရိုးရာအရ တန်ခူးလ၏ရာသီ အမည်မှာ မိဿရာသီဖြစ်သည်။ ရာသီပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ ရာသီပန်းမှာ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းတို့ဖြစ်သည်။ ရာသီနက္ခတ်မှာ အဿဝနီ၊ ဘရဏီ၊ ကြတ္တိကာတပါဒ်ဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ စိတြနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်ပြီး ရာသီရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ မဟာအတုလမင်းကြီး၏ တန်ခူးလဘွဲ့ကဗျာတွင် **''ထပ်ထပ်သာ စောတော့တယ်၊ မြကြောငယ်ရစ်သီ၊ ကိုက်ဖူးငယ်စီသည်၊ ပွင့်သီကီရွှေရင်ခတ်ကယ်တို့၊ ရှစ်ရပ်ကယ် နယ်တစ်ခိုက၊ စိုလှတယ်လေး။ နွေခါမီငယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ စမ္ပယ်ကွန့်ကာ၊ တိမ်ဗွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့၊ နိုင်ငံကြော့ ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး…''** ဟူ၍ တန်ခူးလ၏ သိကောင်းစရာအဖြာဖြာကို သုတတွင်ရသနှော၍ ဖွဲ့နွဲ့စပ်ဆိုထားပေသည်။

တောင်လေမြူးသည့် တန်ခူးလအခါ၌ ပူပြင်းသော နေပူရှိန်ကြောင့် သစ်ရွက်များသည် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ကူးပြောင်းလျက်ရှိကြသည်။ ရော်ရွက်ဝါများ၊ ကြွေကျချိန်တွင် သင်္ကြန်လက်ဆောင်မိုးနှင့် တန်ခူးမိုးဦးများ၊ သွန်းဖြိုးရွာချလေ့ရှိသည်။ သင်္ကြန်မိုးရွာချလိုက်သည့်အခါ သစ်ကိုင်းသစ်ခက်များမှ ပုရစ်ဖူး၊ ပုရစ်နု၊ ရွက်သစ်ရွက်နုကလေးများ စိမ်းစိမ်းစိုစိုဖြင့် ထွက်ပေါ်လာကြသည်။ ဤကာလသည် ကံ့ကော်ပန်းများ အားပါးတရပွင့်သည့် အချိန်အခါဖြစ်၍ ပြေးလွှားဆော့ကစားနေသည့် လေပြေလေညင်းက သင်းပျံ့မွှေးကြိုင်သည့် ကံ့ကော်ပန်းရနံ့များကို သယ်ဆောင်ဖြန့်ဖြူးလျက်ရှိသည်။ ထို့ကြောင့်ပင်လျှင် စာဆိုတော် ဖိုးသူတော်ဦးမင်းက **''ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်ကယ်တဲ့နံ့ကြိုင်၊ သုတ်ဖြူးလေဆော်က ပန်းကံ့ကော် ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင်…''** ဟူ၍ ရာသီအနွဲ့ကို ကဗျာစီဖွဲ့ခဲ့ပေသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်း ၁ ရက်နေ့ဟူ၍ နေ့ရက်များသတ်မှတ်ထားသည်။ သင်္ကြန်ကျချိန်နှင့် သင်္ကြန်တက်ချိန်ဖြစ်ပေါ်လာပုံကို သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဌကျမ်း၊ သင်္ကြန်တွက်ရိုးကျမ်းတို့၏ အလိုအရ ဗဟုသုတဖြစ်ဖွယ် ရေးသားဖော်ပြလိုပေသည်။

အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ်စေ့ရောက်သည်အထိ တစ်နှစ်ကြာမြင့်သည်။ လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် နေကိုဗဟိုပြု၍ လှည့်လည်သွားလာသည့်အခါ တစ်ပတ်မြောက်သောကာလသည် တစ်နှစ်အပိုင်းအခြားကာလဖြစ်သည်။ တိတိကျကျဖွင့်ဆိုရလျှင် ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ဖြစ်သည်။ကမ္ဘာကနေကိုလှည့်ပတ်သည့် နေသွားလမ်းစက်ဝိုင်းတွင် (၁၂)ရာသီပိုင်းခြား၍ ပထမရာသီအစ သုညအံသာသည် အဿဝနီနက္ခတ်နှင့် တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျ၍ ရဝိမဇ္ဈဂြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်တက်ကြောင်းမှတ်ရပေသည်။ အတာသင်္ကြန်တက်ပြီး နောက်တစ်နေ့သည်နှစ်ဆန်း(၁)ရက်နေ့ဖြစ်ပြီး ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ နှစ်သစ်မင်္ဂလာအခါတော်နေ့ပင်ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် သင်္ကြန်ပွဲတော်ရက်များအတွင်း သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ကန်တော့ခြင်းများ ပြုလုပ်၍ ကုသိုလ်ယူကြသည်။ ကျွဲ၊ နွား၊ ငှက်နှင့် ငါးတို့ကို ဇီဝိတဒါနအဖြစ် အသက်လွှတ်ပွဲများ၊ ဘေးမဲ့ပေးခြင်းများ ပြုလုပ်ကြသည်။ရဟန်း သံဃာတော်များအား ဆွမ်းဆက်ကပ်လှူခြင်း၊ စေတီပုထိုး၊ ရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်း၊ ထုံးသင်္ကန်းများ ကပ်လှူခြင်း၊ ဝေယျာဝစ္စသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်များဆယ်ခြင်း စသည်တို့ကို ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။ မိမိတို့နေထိုင်ရာကျေးရွာ၊ ရပ်ကွက်အလိုက် ပရိတ်တရားတော်များ နာယူ၍ကပ်ကြီး(၃)ပါးမှ ကင်းဝေးအောင်ကုသိုလ်ကောင်းမှုများ ဆည်းပူးပြုလုပ်အားထုတ်ကြသည်။ ဤဆောင်ရွက်ချက်များသည် မြန်မာလူမျိုးတို့၏ မြတ်နိုးထိန်းသိမ်းအပ်သော ယဉ်ကျေးမှုအနှစ်သာရများပင်ဖြစ်သည်။

အမျိုးသားစာဆိုကြီး ကဗျာဆရာဇော်ဂျီက တစ်ခုသော သင်္ကြန်အခါကဗျာတွင် **''နှစ်သစ်ကူးတဲ့ တန်ခူးအခါမှာ၊ ဒါနကတဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော၊ အရွယ်သင့်အရွယ်ငယ် မြန်မာတွေထည်လိုက်ကြ''---''ဘယ်မြေဟာ စေတီပေါမယ်လဲ၊ ဘယ်ပြည်ဟာအပျော်ကြောမယ်လဲ၊စိတ်ဓာ မြန်မာမှာဖြင့် သံသရာဂရုထားသူမို့ ပါးလိုက်ကြပျော်ပျော်သာ၊ အခါကနှစ်ဆန်း''** စသည်ဖြင့် သင်္ကြန်မြင်ကွင်းကို ကဗျာဖြင့်အသက်သွင်းခဲ့သည်။ ထို့ပြင်သင်္ကြန်ကာလ ဇီဝိတဒါန အသက်လွှတ်ပွဲများ ပြုလုပ်ကြပုံကို**''ဝဋ္ဋမကင်း သူကိုဖြင့်၊ လွှတ်ခြင်းမှာ ဝါသနာပါတဲ့၊ ရွှေမြန်မာ ဒီလူမျိုးမှာလ''**ဟူ၍ မြန်မာတို့၏ သနားကြင်နာတတ်ပုံကို ဝိသေသပြုခဲ့ပေသည်။

ရှေးယခင်က မဟာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပန်းသပြေနှင့် အတာရေသွန်းဖျန်းခဲ့ကြသော်လည်း ယခုခေတ်တွင် ရေပက်ဖျန်းပုံများ ကြမ်းတမ်းလာခဲ့သည်။ အမျိုးသမီးများအနေဖြင့်လည်း မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်သည့် အမြင်မတင့်တယ်သော ဝတ်စားဆင်ယင်မှုများ၊ မပေါ့တပေါ် ဝတ်စားဆင်ယင်မှုများရှိလာသည့်နည်းတူ အမျိုးသားများကလည်း နှမချင်းမစာနာ ပြောဆိုနောက်ပြောင်ခြင်း၊ လက်သရမ်းခြင်း စသည်တို့ကို အတင့်ရဲစွာ ပြုမူလာကြသည်။ သင်္ကြန်ကာလ ရေပက်ခံထွက်ကြရာတွင် အရက်သေစာနှင့်မူးယစ်ဆေးဝါးများ သောက်စားသုံးစွဲပြီး တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်နောက်ပြောင်ကြရာမှ ခိုက်ရန်ဖြစ်ပွားမှုများ၊ အနာတရဖြစ်မှုများ၊ ယာဉ်မတော်တဆဖြစ်မှုများ၊ ယာဉ်တိုက်မှုများ စသည့် အနိဋ္ဌာရုံဖြစ်ရပ်များကို နှစ်စဉ်ကြုံတွေ့နေရပေသည်။

မြန်မာတို့သည် ရှေးအစဉ်အဆက်ကပင် ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အလေးအမြတ်ပြု တန်ဖိုးထားပြီး လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ မြတ်သောအကျင့်ဖြင့် ပေါင်းစပ်ယှဉ်တွဲ၍ အစဉ်အလာကောင်းအောင် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသည်။ ဤသို့လျှင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မား၍ မြတ်နိုးနှစ်သက်ဖွယ်ကောင်းလှသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အရုပ်ဆိုးအကျည်းတန်မှုမဖြစ်ပေါ်စေရန် လူကြီးလူငယ်အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် အထူးလိုအပ်ပေသည်။

ရေတွင် မင်္ဂလာနိမိတ်သုံးပါးရှိသည်။ ၎င်းတို့မှာ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောနိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်တည်ရှိခြင်းတို့ဖြစ်သည်။ နွေရာသီ၏ပူပြင်းခြောက်သွေ့သောဒဏ်ကို သင်္ကြန်ရေပက်ဖျန်း ကစားခြင်းဖြင့် အေးမြလန်းဆန်းစေမည်ဖြစ်ပါသည်။ နှစ်ဟောင်းမှပါလာသည့် အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်လျက် နှစ်သစ်တွင် စိတ်သစ်လူသစ် ခွန်အားသစ်တို့ဖြင့် မိသားစုအကျိုး၊ တိုင်းပြည်အကျိုးကို ပိုမိုဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်တည်ရှိသကဲ့သို့ တိုင်းရင်းသားလူမျိုးစုအားလုံး တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ ချစ်ခင်ခြင်း၊ ယုံကြည်ခြင်း၊ ဘယ်သူခွဲခွဲမပြိုကွဲဘဲ ထာဝစဉ်စည်းလုံးညီညွတ်စွာဖြင့် အေးအတူပူအမျှ လက်တွဲနေထိုင်သွားကြရန် ဖြစ်ပါသည်။

ဤကဲ့သို့ ကြည်နူးချမ်းမြေ့ ပျော်ရွှင်ဖွယ်ရာကောင်းလှသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလတွင် သရုပ်ပျက်ယဉ်ကျေးမှုနှင့် ကြမ်းတမ်းစွာရေကစားမှုများ ရှောင်ကြဉ်လျက် နှစ်သစ်အတာရေသဘင်ပွဲတော်ကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ရှေးအစဉ်အဆက်ကပင် ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အလေးအမြတ်ပြု တန်ဖိုးထားပြီး လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြရာ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အရုပ်ဆိုးအကျည်းတန်မှု မဖြစ်ပေါ်စေရန် လူကြီးလူငယ်အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် အထူးလိုအပ်**

## ပဲခူးရိုးမတောင်ကြီးပေါ်မှ ကိုးပင်-သာဂရကားလမ်း

**ပဲခူး မတ် ၂၆**

ကိုးပင် -သာဂရကားလမ်းသည် ပဲခူးရိုးမတောင်ကြီးပေါ်မှ ဖြတ်ကျော်ဖောက်လုပ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ရိုးမဖြတ်ကျော်လမ်းခုနစ်လမ်းအနက်မှ လမ်းတစ်လမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ရန်ကုန်-တောင်ငူ- မန္တလေး ကားလမ်းပေါ်ရှိ သာဂရမြို့မှ မကွေးတိုင်းဒေသကြီး ရန်ကုန်-ပြည် ကားလမ်းပေါ်ရှိ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်အထိ ၉၆ မိုင် ၃ ဖာလုံရှိသည်။

၎င်းတောင်ပေါ် ရိုးမဖြတ် လမ်းအား သစ်တောရေးရာဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ၃၀-၁-၂၀၁၄ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁) မှ တာဝန်ယူ၍ အဆင့်မြှင့်တင် ဖောက်လုပ်ခဲ့သော ကားလမ်းဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း က အဆိုပါလမ်းကို ယာဉ်နှင့်ကုန် ပေါင်း တန် ၄၀ ခံမည့် ကတ္တရာကားလမ်း တစ်ဆက်တစ်စပ်တည်းတာပေါင် အကျယ်ပေ ၅၀ နှင့် ၁၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ပေးခဲ့သည်။

အဆိုပါလမ်းအား သာဂရမြို့ မိုင်တိုင်အမှတ် (၀/၀) မှ (၃၀/ ၀) မိုင်တိုင်အထိ မိုင် ၃၀ ကို ၁၂ ပေ အကျယ် ကတ္တရာရေပိတ်လွှာ ၁၅ ဖာလုံခင်းခြင်း ၁၂ ပေ အကျယ် ကတ္တရာလမ်းအကျယ်နှင့် သုံးလက်မထု ကတ္တရာထပ်ပိုးလွှာ ၂၈ ဖာလုံခင်းခြင်း၊ အခြေခံလွှာခင်းခြင်းကြိတ်ခြင်းကို ၁၂ ပေအကျယ်နှင့် အရှည်ပေ ၄၇၈၈ ပေ၊ မြေကတုတ် ၂၀ ခု ၊ ကွန်ကရစ်တံတား နှစ်စင်းနှင့် လမ်းပေါက်များဖာခြင်းကို မိုင် ၃၀ အထိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြုပြင် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဒေါ်ဖြိုးမာသောင်းက ပြောသည်။

အဆိုပါ ကိုးပင်-သာဂရ ရိုးမဖြတ်ကျော်လမ်းမကြီးတွင် ပေ ၅၀ နှင့် ပေ ၁၈၀ ကြား တံတား ငါးစင်း၊ ပေ ၅၀ တံတား နှစ်စင်း၊ ပေ ၃၀ တံတား ငါးစင်း၊ ပေ ၂၀ တံတား ကိုးစင်း၊ ရေထုတ်ပြွန်ငယ် ၃၄ တို့ကို ကွန်ကရစ်တံတားများအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ထားပြီး ယခင်က သစ်ထုတ်လုပ်ရေးအတွက်သာ ရည်ရွယ်ဖောက်လုပ်ထားခဲ့သောကြောင့် ယခုလိုအများပြည်သူသုံး ကားလမ်းမကြီးအဖြစ် ပြုပြင်ဖောက်လုပ်ရာတွင် ယာဉ်အတက်အဆင်း မြင့်မားလွန်းသော နေရာများ၌ မြေသားနှိမ့်ချခြင်း၊ နိမ့်သော နေရာတွင် ဖို့ခြင်းတို့ဖြင့် မြေသားလုပ်ငန်းအတော်များများ ဆောင်ရွက်ခဲ့ရပြီး အထူးသဖြင့် ဖိုးကျားစခန်းမှစ၍ သဘာဝကျွန်းတောကြီးမှ ကျွန်းပင်ကြီးများနှင့် ကျွန်းစိုက်ခင်းများကို မထိခိုက်အောင် ရှောင်ကွင်း ဖောက်လုပ်ထားသော ကားလမ်းဖြစ်၍ ယခုအခါ မကွေးတိုင်းဒေသကြီး ကိုးပင်မှ ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုဇုန်နယ်မြေအထိ ဒေသထွက်ကုန်များ တင်ဆောင် သွားလာမောင်းနှင်နေသော ကားများကိုတွေ့မြင်နေရပြီဖြစ်သည်။ **သတင်း- ခရမ်းစိုးမြင့် ဓာတ်ပုံ- ကျော်မိုးလွင်**



ပြည်တွင်းသတင်း

# ကျေးရွာ ၃၇ ရွာကို အကျိုးပြုသည့် ကြာပင်ကြိုးတံတားကြောင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ

**မင်းကင်း မတ် ၂၆**

စစ်ကိုင်းတိုင်း ဒေသကြီး မင်းကင်းမြို့ ကြာပင်ကျေးရွာအုပ်စုရှိ ကြာပင်ကြိုးတံတားကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင် တည်ဆောက်ခဲ့ရာ ကလေးဝ-ယာကြီး လမ်းမဘေး ကျောက်တန်းကျေးရွာမှ ကြာပင်ကျေးရွာအထိ နွေမိုးဆောင်း သုံးရာသီလုံး နေ့ညမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ဒီကြိုးတံတားကြီးကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် မိသားစုရယ်၊ ဆွစ်ဇာလန်နိုင်ငံမှ အလှူရှင်တစ်ဦးနဲ့ ကျေးရွာနေ ပြည်သူတွေရယ် စုပေါင်းပြီး ဆောက်လုပ်ခဲ့ကြတာပါ။ ဝန်ကြီးကတော့ ငွေကျပ် ၇၅ သိန်း လှူပေးပါတယ်။ ဒီကြိုးတံတားကြီးက တောင်တွင်းဒေသ ကျေးရွာအုပ်စု ၁၅ အုပ်စု ကျေးရွာပေါင်း ၃၇ ရွာ၊ လူဦးရေပေါင်း ၁၇၆၃၆ ဦး ကို ပညာရေး၊ ကျန်းမာရေး၊ လူမှု ရေးတွေအတွက် များစွာအကျိုးပြု ပေးပါတယ်"ဟု မင်းကင်းမြို့ဒေသခံတစ်ဦးက ပြောသည်။

"အရင်တုန်းကဆို ဒီကြိုးတံတားကြီး မဆောက်ခင်က မိုးရာသီကာလဆို သွားရလာရ အလွန်ခက်ခဲပါတယ်၊ ချောင်းရေကူးနေတုန်း မိုးရွာပြီဆို သတိထားရပါတယ်၊ ချောင်းရေကအရမ်းသန်တော့ ရေထဲမျောပါသွားတာတွေရှိတယ်။ မိုးတွင်းမှာ ကူးတို့နဲ့ ကူးဖို့ဆိုပြီး စီစဉ်တဲ့အခါမှာ တစ်အိမ်ကို တစ်နှစ်စပါးတစ်တင်းပေးရပါတယ်။ ဒီကြိုးတံတားကြီးပြီးပြီဆိုတော့ စပါးလည်း ပေးစရာ မလိုတော့ဘူး။ နေ့ညမရွေး သွားလို့လာလို့ရပြီ ဖြစ်တာကြောင့် လှူဒါန်းပေးတဲ့လူတွေကို ကျေးဇူးတင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကြာပင်ကြိုးတံတားကြီးကို မတ် ၂၁ ရက် က စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သျှင်နေမင်း**





# ကမာဆွဲ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းဆောင်သစ် လှူဒါန်း

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာတလုတ်ကျေးရွာ ကမာဆွဲလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းဆောင်သစ် ရေစက်ချအခမ်းအနားကို မတ် ၁၆ ရက်က ယင်းကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။ ယင်းနောက် ဆရာတော်ထံ သင်္ကန်းပရိက္ခရာ အစုံ ၃၀ နှင့် ကျောင်းဝတ်စုံ ၁၂၆ စုံတို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်မာထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့က ဆက်ကပ်လှူဒါန်း ကြသည်။

အဆိုပါ ကမာဆွဲလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ဗိုလ်ချုပ်ဌေးဦး(ငြိမ်း)-ဒေါ်နီနီဝင်းမိသားစုက ငွေကျပ် ၁၂၅ သိန်း၊ အဖွဲ့ချုပ်မှ ငွေကျပ် ၇၅ သိန်း၊ နာယကများဖြစ်သော ဒေါ်နီနီဝင်းက ငွေကျပ် ၂၄ သိန်း၊ ဒေါ်မြသီဂီမှ ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်မိမိက ငွေကျပ် သုံးသိန်း၊ ဒေါ်ကျင်ခိုင်မှ ငွေကျပ် နှစ်သိန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို အကျိုးဆောင်ဥက္ကဋ္ဌ ဦးလှရွှေက ပေးအပ်သည်။

**သန်းဝင်း(သန်လျင်)**

# ယာဉ်မောင်းများ မူးယစ်ဆေးဝါးသုံးစွဲ၍ မောင်းနှင်ခြင်းမပြုကြရန် ဟောပြော

**ပျဉ်းမနား မတ် ၂၆**

သင်္ကြန်ကာလ ရက်များတွင် အထူးသဖြင့် ယာဉ်မောင်းများ အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲ၍ မောင်းနှင်ခြင်းမပြုကြရန်၊ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူများ၏ အသက်သည် ယာဉ်မောင်း၏ လက်ဝယ်တွင်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေအနက် ၈၀ ရာခိုင်နှုန်းသည် သင်္ကြန်ကာလ ရက်များတွင် မူးယစ်ဆေးဝါး သုံးစွဲလျက် ပျော်မြူးနေကြသည်ကို တွေ့ရှိရကြောင်းဖြင့် မတ် ၂၂ ရက် နံနက် ၈ နာရီခွဲက ပျဉ်းမနားမြို့ ဘောဂသီရိ အဝေးပြေးကားကွင်းအတွင်းရှိ မထသ (အဝေးပြေး) တွင် ကျင်းပသည့် မူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေး အသိပညာပေး (အထူး)ဟောပြောပွဲ၌ နေပြည်တော် မူးယစ်(ဗဟို) ရုံးအုပ်ချုပ်/ ထောက်ပံ့ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယ ရဲမှူးကြီး ကျော်ကျော်မင်းက ပြောကြားသည်။




ထို့နောက် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးက မှုခင်းဆက်နွယ်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးက မှုခင်းဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် မှုခင်းကျဆင်းရေးကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မထသ (အဝေးပြေး )ဥက္ကဋ္ဌ ဦးဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ယာဉ်လိုင်းတာဝန်ခံများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် ဖိတ်ကြားထားသူများ နေပြည်တော်အခြေစိုက် သတင်းမီဒီယာများ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**

## ယာဉ်မောင်းသူများ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်-
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်း ကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါကထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့်ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ အတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မီးဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**စလင်း မတ် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်က စလင်းမြို့ မြို့မဈေးနှင့် ဆင်ဖြူကျွန်းဈေး မီးဘေးကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်း တို့ကိုဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ/ဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တနိုင်း မတ် ၂၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအောင်အောင်ထွေးက စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းကို လည်းကောင်း၊ မြို့နယ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ (တာဝန်ခံ) ဦးမာယော်က Anglogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်နေမှုနှင့် ဖမ်းယူကြည့်ရှုနိုင်မည့် နည်းစနစ်များကို လည်းကောင်း၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်မှူး ဒေါ်လှသန်းရီက စာကြည့်တိုက်များ ရေရှည်တည်တံ့အောင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျေးရွာအုပ်စုများမှ စာကြည့်တိုက်ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မဲဆန္ဒရှင်စာရင်းကွန်ပျူတာရေးသွင်းခြင်း ဆင့်ပွားသင်တန်းဖွင့်

**ပြည် မတ် ၂၆**

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုကွန်ပျူတာရေးသွင်းခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၃၇ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသောကုန်စည်ပြပွဲ ကျင်းပ

**မကွေး မတ် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျေးလက်ဒေသအသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသောကုန်စည်များပြပွဲ ဖွင့်ပွဲနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၂၄ ရက်က ကျင်းပသည်။

ပြပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပြပွဲဖွင့်ပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ၊ မကွေး၊ ပခုက္ကူ၊ ဆိတ်ဖြူ၊ အောင်လံနှင့် ရေနံချောင်းမြို့များမှ ကုန်သည်အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး၊ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားသည်။

ကုန်စည်ပြပွဲတွင် ပခုက္ကူမြို့နယ်မှ ထုတ်လုပ်သော မြန်မာဖိနပ်များ၊ ပခုက္ကူမြို့နယ် သဇင်ကျေးရွာမှထုတ်လုပ်သော ဝါးနှင့်ကြိမ်ထည်ပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ ပခုက္ကူ ဂန့်ဂေါခရိုင်မှ ထွက်သော ပဲမျိုးစုံ၊ နှမ်းနှင့် မြေပဲများ၊ မလှိုင်မြို့နယ်နှင့် ရေစကြိုမြို့နယ်များမှ ထွက်သော ရှင်မတောင်သနပ်ခါးတုံးနှင့် သနပ်ခါးခဲများ၊ မင်းဘူးမြို့မှ မြေအိုးများကို ပြသခဲ့ပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှ ဈေးဆိုင်များလည်း လာရောက်ခင်းကျင်းပြသခဲ့သည်။ ကုန်စည်ပြပွဲကို နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကိုလည်း မတ် ၂၄ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင် ဦးသိန်းမြင့်ဝေက အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဒေါ်စပယ်ကြည်မောင်က စီးပွားရေးကဏ္ဍတွင် ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေများအကြောင်းကိုလည်းကောင်း၊ ဦးနေဆန်းက ကုန်သွယ်မှုနှင့်အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းကို လည်းကောင်း၊ ဒေါ်စုမြတ်နိုင်က စားသုံးသူအကာအကွယ်ပေးရေးနှင့် စားသုံးသူအခွင့်အလမ်းများဆိုင်ရာအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် စားပွဲဝိုင်းဆွေးနွေးပွဲများလည်း ဆက်လက်ကျင်းပခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဇာဇာ(မကွေး)**



## ကုန်သွယ်လမ်းမကြီးပေါ်၌ သံကူကွန်ကရစ်တံတားသစ် တည်ဆောက်

**ကလေး မတ် ၂၆**

ကလေးမြို့၏ ကုန်သွယ်လမ်းမကြီးဖြစ်သော လမ်းဆုံမီးပွိုင့်မှ ကလေးဝဘက်သွားရာ ကျီကုန်း-ကလေးလမ်းမပေါ် ပြည်သူ့ဆေးရုံရှေ့ရှိတံတားအမှတ် (၃/၆) သည် ဟောင်းနွမ်းနေပြီး ခိုင်ခံ့မှုမရှိတော့သဖြင့် တံတားဟောင်းကို ဖျက်သိမ်းပြီး တံတားသစ်ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် ဥပုသ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော သံကူကွန်ကရစ်တံတားဖြစ်ပြီး ယခုအချိန်တွင် ခိုင်ခန့်မှုမရှိတော့ဘဲ အန္တရာယ်ရှိနေသဖြင့် တံတားသစ်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တံတားသစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ကျပ် ၆၅ သန်းအကုန်အကျခံ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီး တံတားဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုပြီးစီးပါက ကုန်သွယ်လမ်းမကြီးပေါ်တွင် ယာဉ်ကြီးယာဉ် ငယ်သွားလာရေး ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း၊ တံတားသစ်ကို ရေလမ်းကင်းလွတ်အကျယ် ပေ ၅၀၊ ယာဉ်သွားလမ်း အကျယ် ၄၄ ပေရှိ Spun Pipe အုတ်ခုံဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

တံတားဆောက်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများက မတ် ၂၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဖောင်ဒေးရှင်းအုတ်ခုံလုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ လုပ်ငန်းအားလုံးအမြန်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

## အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မော်လူး မတ် ၂၆**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကသာခရိုင် အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမဆောင်၌ မတ် ၂၁ ရက်က ကျင်းပသည်။

"ကျောင်းသား ကျောင်းသူတွေအနေနဲ့ သစ်တောသစ်ပင်နဲ့ သဘာဝပတ်ဝန်းကျင်ကို စိတ်ပါဝင်စားလာစေဖို့နဲ့ ကျောင်းသား ကျောင်းသူများကို ငယ်ရွယ်စဉ်အချိန်ကစပြီး သစ်တော၊သစ်ပင်တွေရဲ့ တန်ဖိုးကိုနားလည်ပြီး သစ်ပင်များအပေါ် ချစ်ခင်တတ်လာစေဖို့ ရည်ရွယ်ပြီးတော့ စာစီစာကုံးပြိုင်ပွဲ ကျင်းပတာပါ"ဟု အင်းတော်မြို့နယ် သစ်တောဦးစီးမှူး ဦးထွန်းလတ်က ပြောသည်။

ပြိုင်ပွဲသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အင်းတော်မြို့နယ်သစ်တောဦးစီးမှူး၊ တောအုပ်ကြီးများနှင့် သစ်တောဝန်ထမ်းများ၊ ဆရာ ဆရာမများက ကြီးကြပ်စစ်ဆေးခဲ့ကာ ပြိုင်ပွဲတွင်ဆုရရှိသူများကို ပထမဆု ကျပ် နှစ်သောင်း၊ ဒုတိယဆု တစ်သောင်းငါးထောင်၊ တတိယဆု တစ်သောင်း၊နှစ်သိမ့်ဆု ငါးထောင်ကျပ်နှင့် ဖြေဆိုသူများကို စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၁၄၉)**

# ပျော်ဘွယ်မြို့နယ်အတွင်း ကန်နှင့်ဆည် ၂၂ ခု တူးဖော်ပြီးစီး

**ပျော်ဘွယ် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ရန်အတွက် မဲဒီးကန်ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးသီးသန့်ရန်ပုံငွေဖြင့် ပြင်ဆင်တူးဖော်ပေးခဲ့ကြောင်း သိရသည်။

မဲဒီးကန်သည် မပြုပြင်မီက ကန်ပေါင်မှာ တောင့်တင်းမှုမရှိကြောင်း၊ ကန်ရေသိုလှောင်နိုင်မှုလည်းနည်းသဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိခြင်းမရှိဘဲ နှစ်စဉ်ရေပြတ်လပ်မှုရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။ ယခုပြင်ဆင်ပြီးနောက် အလျားပေ ၁၀၀၀ ရှိကာ ရေလှောင်ပမာဏ ၂၇ ဒသမ ၅၅ ဧကအထိရှိလာသဖြင့် မဲဒီးရွာနှင့် ချောင်းနားကျေးရွာများရှိ အိမ်ခြေ ၂၅၀ ကျော်မှ လူဦးရေ ၁၃၀၀ ကျော်အတွက် သောက်သုံးရေနှင့် လယ်မြေဧက ၅၀ ခန့်ကို ရေပေးဝေနိုင်ပြီဖြစ်ကြောင်းသိရသည်။ ရေကန်ပြုပြင်တူးဖော်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးသီးသန့်ရန်ပုံငွေဖြင့် ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ်အတွင်းမှ ပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆည်နှင့် ရေကန် ၂၂ ခုကို တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



## သတင်းတိုများ

### အုတ်တွင်းမြို့တွင် ကျောက်ချောလမ်းသစ်ဖွင့်

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့က ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် တာဝန်ယူခင်းကျင်းခဲ့သည့် အနော်ရထာကျောက်ချောလမ်းကို မတ် ၂၄ ရက်က ဖွင့်လှစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ ဖြစ်ပြီး စည်ပင်သာယာရေးကော်မတီရန်ပုံငွေကျပ် ၅၆ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ကြက်သွန်ခင်း(၂)ရပ်ကွက်နှင့် ပဲခူးလမ်းရပ်ကွက်များရှိ အိမ်ခြေ ၇၀၀ ကျော်မှ ပြည်သူများအတွက် သွားလာရေးလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**(၁၁၅)**

### မြေသားလမ်းသစ်ဖွင့်ပွဲကျင်းပ

ကချင်ပြည်နယ် မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်ရှိ ရှုံးဟောင်း လမ်းသွယ်(၆)မြေသားလမ်းကို ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၀ နှင့် ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် ခင်းကျင်းပြီးစီးခဲ့ပြီး လမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးစိုးနွယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးတို့က မြေသားလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

**(၀၆၂)**

### နွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်

စဉ့်ကူးမြို့နယ်အတွင်းမှ ကျောင်းသားလူငယ်များ ဘာသာရေးဆိုင်ရာဗဟုသုတတိုးပွားစေရန်နှင့် ဘာသာသာသနာကို စောင့်ရှောက်လိုစိတ်များဖြစ်ပွားလာစေရန်ရည်ရွယ်၍ စတုတ္ထအကြိမ်မြောက် နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို စဉ့်ကူးမြို့ မဟာစည်သာသနာ့ရိပ်သာ ဦးစီးပဓာနနာယကဆရာတော်က ဦးစီး၍ မတ် ၂၂ ရက်က ဖွင့်လှစ်ခဲ့ပြီး ဧပြီ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သာမဏေ သီလရှင်ဝတ်ပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

### သမဝါယမချေးငွေစာရင်း ရေးသွင်းမှုသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ ချေးငွေလုပ်ငန်း စာရင်းရေးသွင်းမှုသင်တန်းကို မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၄၀ မှ သမဝါယမ အသင်းဝင် သင်တန်းသား ၈၀ တက်ရောက်ကြောင်း၊ သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

ကြော်ငြာ



Congratulations to
APEX Airline Public Co.,Ltd.
on the official launch of
APEX Airlines
on
25th March 2015
Nay Pyi Taw
Yangon
Dawei
Myeik
Kawthoung
From
Royal Lotus
AYA Bank
YOMA BANK
SHWE YAMONE
DAWEI DEVELOPMENT PUBLIC CO. LTD.
NGAPALI
Construction Co., Ltd.
Family Business Group Hotel Limited
UNITED AMARA BANK
UAB










## ပျောက်ဆုံးကြောင်း

## အမည်ပြောင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

## အများသိစေရန်ကြေညာချက်

သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ်၏ ခွင့်ပြုချက်အရ၊ အတည်ပြုသတ်မှတ်ပေးထားသည့် ပြင်ဦးလွင်မြို့နယ်၊ နောင်ခမ့်ကြီးကျေးရွာမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် တောင်ပြိုကြိုးဝိုင်းအကွက်အမှတ် ၉ ၌ တည်ရှိသော ဦးခင်ထွန်းပါ ဒေသခံစိုက်ခင်း (၅)ဦးကော်မတီ၏ ၂၁၁ဒသမ၅ ဧကမှ ဒေါ်ဆုရည်မွန်အမည်ပေါက် နှစ် ၃၀ စိုက်ပျိုးရေးလုပ်ကိုင်ခွင့်ရရှိထားသော စိုက်ဧက ၂၀ဧကကို သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ ၁၀အပိုဒ် (၁၉)/ခ နှင့်အညီ (၅)ဦးကော်မတီ၏ ဆုံးဖြတ်ချက်အရ ဒေါ်စောမိမိကျော်နှင့် ဦးမင်းမော်တို့အား စိုက်ခင်းလမ်းညွှန်ချက် နည်းဥပဒေများနှင့်အညီ နှစ် ၃၀ စိုက်ပျိုးလုပ်ကိုင်ခွင့်အား အမည်ပေါက် အမွေဆက်ခံလွှဲပြောင်းပေးပြီးဖြစ်ပါသည်။

သို့ပါ၍ ဒေါ်စောမိမိကျော်၊ ဦးမင်းမော်တို့နှစ်ဦးစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသော ပန်းဦးတောင်လမ်းမကြီးဘေး၊ တောင်ပြိုကြိုးဝိုင်းအကွက်အမှတ် ၉၊ ယခု ငါးရံချောင်းကျေးရွာအနီးရှိ ၂၀ဧကခန့်ရှိသော မြေကွက်အတွင်း ခေတ္တကျူးကျော်နေထိုင်နေသူများ၊ တဲထိုးနေရာဝင်ယူကြသူများ၊ တရားမဝင်အရောင်းအဝယ်ပြုသူများနှင့် စိုက်ပျိုးလုပ်ကိုင်သူများအားလုံး ဤသတင်းစာကြေညာသည့်ရက်မှစ၍ အမြန်ဆုံးဖယ်ရှားပေးကြပါရန်နှင့် အကယ်၍ ဖယ်ရှားမှုမပြုကြပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအကြိမ် အများသိစေရန် ကြေညာအပ်ပါသည်။

ထိုမြေကွက် ဧက၂၀ ဧရိယာအတွင်း ယခင်စိုက်ပျိုးထားသော ခါတော်မှီအပင် ၂၀၀၀ မှာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် သစ်တောဥပဒေခွင့်ပြုချက်နှင့်အညီ ပြန်လည်လုပ်ငန်းစတင်ရန် မြေညှိခြင်း၊ အပင်စိုက်ခြင်းတို့ကို မကြာမီလုပ်ကိုင်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(၁)ဒေါ်စောမိမိကျော်** | **ဦးစံရွှေ (LL.B) အထက်တန်းရှေ့နေ** |
| ၁၂/ရကန(နိုင်)၀၅၂၂၅၀ | **စဉ်-၂၇၀၃၄** |
| **(၂)ဦးမင်းမော်** | **အမှတ် ၁၀၂/၂၁၊ ပဲခူးမြစ်လမ်း၊ စစ်တောင်းရိပ်မွန်၊** |
| ၁၂/ကမတ(နိုင်)၀၃၆၈၆၅ | **ဒဂုံဆိပ်ကမ်းမြို့နယ်** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ မာန်ပြေ၊ မြေကွက်အမှတ် ၈၄၉/ခ၊ မြေကွက်တည်နေရာအမှတ် ၈၄၉/ခ၊ မာန်ပြေ(၁၅)လမ်း၊ ၃ မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်စိန်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်စိန်(ဖခင်) နှင့် ဒေါ်လှဝင်း(မိခင်)တို့ ကွယ်လွန်သဖြင့် သားများဖြစ်သော ဦးစိန်မောင် ၁၂/မဂတ(နိုင်)၀၃၄၀၅၁၊ ဦးစိန်အောင် ၁၂/သကတ(နိုင်)၁၁၉၀၅၇ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်မြို့နယ်၊ အမှတ်(၁၄)ရပ်ကွက် (ဘ)ဦးစိုးသန်း၊ (မိ)ဒေါ်ခင်မေသန်းတို့၏ သား မောင်ကောင်းထက်ဦး ၁၂/လမန(နိုင်)၁၅၇၄၈၄ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၈-၃-၂၀၁၅ရက်တွင် နေအိမ်မှထွက်သွားပါ၍ ၎င်းနေ့မှစပြီးအမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်ရှိ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၁။ | ခွဲကျောက်ရွယ်စုံ | - | ၁၁၄၄၃ ကျင်း |
| ၂။ | ကျောက်ရောမြေ | - | ၁၀၉၀၆ ကျင်း |
| ၃။ | သဲ | - | ၈၄၈ ကျင်း |
| ၄။ | ဘိလပ်မြေ | - | ၁၄၉၀၄ အိတ် |
| ၅။ | သံချောင်း | - | ၂၆.၁၆ တန် |
| ၆။ | ဒေသသစ် | - | ၁၁.၄၁ တန် |

**တင်ဒါလျှောက်ပိတ်ရက်** - ၃၁-၃-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁-၄-၂၀၁၅ ရက်
**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်၊ အင်ဂျင်နီယာမှူးရုံးတွင် ၂၄-၃-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရေးကော်မတီ၊ ဖုန်း-၀၈၄-၆၀၂၁၉၊ ၀၈၄-၆၀၂၂၀**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တာချီလိတ်ခရိုင်၏ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် တာလေ-ပါလှျိုး-ကျိုင်းလပ်လမ်း လမ်း/တံတားလုပ်ငန်းများအတွက် (က) ဘိလပ်မြေ၊ (ခ) ကျောက်ရွယ်စုံ၊ (ဂ) ချောင်းသဲကျောက်၊ (ဃ) သဲကြမ်း/သဲနု၊ (င) သံချောင်းရွယ်စုံ၊ (စ) သစ်ခွဲသား စသည့် တည်ဆောက်ရေးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၃-၂၀၁၅ ရက်မှ ၈-၄-၂၀၁၅ ရက်အထိ
၃။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၉-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) ၁၄း၀၀နာရီ
၄။ **တင်ဒါရွေးချယ်မည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာမှူးရုံး တာချီလိတ်မြို့။

တင်ဒါလျှောက်လွှာပုံစံများကို တာချီလိတ်ခရိုင် အင်ဂျင်နီယာမှူးရုံးနှင့် မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၅၈၀၃၃၉၅၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်ရှိ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၁။ | ခွဲကျောက်ရွယ်စုံ | ၁၇၆၇၈ ကျင်း |
| ၂။ | ကျောက်ရောမြေ | ၆၄၂၆ ကျင်း |
| ၃။ | သဲ | ၁၁၄၈ ကျင်း |
| ၄။ | ဘိလပ်မြေ | ၁၉၄၆၄ အိတ် |
| ၅။ | သံချောင်း | ၂၀.၄၄ တန် |
| ၆။ | ဒေသသစ် | ၁၁.၆၂ တန် |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁-၄-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂-၄-၂၀၁၅ ရက်
**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်၊ အင်ဂျင်နီယာမှူးရုံးတွင် ၂၄-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရေးကော်မတီ၊ ဖုန်း-၀၈၄-၆၀၂၁၉၊ ၀၈၄-၆၀၂၂၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊တာချီလိတ်ခရိုင်၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းယောင်းမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**ပစ္စည်းအမျိုးအစား**
(က) ကျောက်ရွယ်စုံ
(ခ) ချောင်းသဲကျောက်
(ဂ) သဲ
(ဃ) ဘိလပ်မြေ
(င) သံချောင်းရွယ်စုံ
(စ) ဒေသသစ်ရွယ်စုံ

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၈-၄-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်၊အချိန်** - ၉-၄-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ
**တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းယောင်းမြို့

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ၁-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ၊ မိုင်းယောင်းမြို့၊ ဖုန်း-၀၈၄-၆၅၀၁၄၊ ၀၉-၄၃၀၄၇၄၁၀**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ (မိုင်းဖြတ်မြို့)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။
(က) ခွဲကျောက်ရွယ်စုံ
(ခ) သဲ
(ဂ) ဘိလပ်မြေ
(ဃ) သံချောင်းရွယ်စုံ
(င) သစ်ခွဲသား
(စ) ချောင်းသဲကျောက်/ကျောက်ရောမြေ

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၈-၄-၂၀၁၅ ရက် ၁၆း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၉-၄-၂၀၁၅ ရက် ၁၀း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး
**စိစစ်ရွေးချယ်မည့်နေရာ** - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဖြတ်မြို့

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ၂၅-၃-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်း) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ၊ မိုင်းဖြတ်မြို့**
**ဖုန်း-၀၈၄-၆၃၀၂၁၊ ၀၉-၄၂၈၂၂၂၉၄၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်း၊ တံတား၊ ရေပေးရေး၊ နေရောင်ခြည်စွမ်းအင်၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အိမ်သာလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၃-၃-၂၀၁၅ ရက်မှစ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆေးရုံလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၃-၄-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဤရုံးသို့ပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၇၀-၂၂၅၅၁၊ ၀၉-၈၆၃၆၄၄၃၊**
**၀၉-၆၅၀၀၁၄၅**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့် အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄၇၃**

ဒေါ်ခင်မေစိုး **နှင့်** ၁။ ဦးဂူတင်ရင်
၂။ ဦးညွန့်ထူး
၃။ ဦးဆန်နီတင်
အမှတ် ၃၀၀(ပထမထပ်)၊ မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။
၄။ ဦးဝင်း
အမှတ် ၉၈၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်။

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၄ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမအထွေထွေမှုအမှတ် ၆၁/၂၀၁၃ အမိန့်ကိုပြင်ဆင်မှု

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၃) ဦးဆန်နီတင်၊ လျှောက်ထားခံရသူ အမှတ်(၄) ဦးဝင်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ဒေါ်ခင်မေစိုးက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၅ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၇ခုနှစ် တန်ခူးလဆန်း ၇ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုကို သင်တို့အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် သင်တို့မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(နေလင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဦးဘထူးပါ-၂ **နှင့်** ဦးသောင်းမြင့်
**တရားလိုများ** **တရားပြိုင်**

အကွက်အမှတ်(လလ-၁၄)၊ အမှတ်(၄၇)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေသူ တရားပြိုင်ဖြစ်သည့် ဦးသောင်းမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၆ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူများမှ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးဆွေ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၂၄**

ဒေါ်ဝင်းဝင်းမာ **နှင့်** ဦးမောင်ဇံ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ စက်ဝန်းပြင်လမ်း၊ အမှတ် ၃/ခ နေ ဦးမောင်ဇံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၇ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာ

**တရားမကျင့်ထုံး အမိန့်-၂၁၊ နည်းဥပဒေ-၆၆**
**ကျောက်တန်းမြို့နယ်တရားရုံးတော်**
**၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၆**

ဦးနိုင်ဦး **နှင့်** ၁။ ဦးအုန်းမြင့်
၂။ ဒေါ်ဝင်းမာ
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်တရားရုံး၊ တရာမကြီးမှုအမှတ် ၂၀/၂၀၀၉ တွင် ၄-၆-၂၀၀၉ရက် ချမှတ်ခဲ့သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၇ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်) မွန်းတည့် ၁၂း၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ ပုတ္တလုတ်ကျေးရွာတောင်ပိုင်း (အလျားပေ ၇၀×အနံပေ ၆၀)မြေပေါ်ရှိ ခနိမိုးထရံကာ၊ ပျဉ်ခင်း၊ သုံးပင်နှစ်ခန်းနေအိမ်တစ်လုံးနှင့် သောက်ရေကန်တစ်ကန်။
၂။ အဆိုပါခြံမြေအတွင်းရှိ စပါးတင်း ၃၀၀၀ ခန့်ဆံ့ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း စပါးကျီတစ်လုံး။

**ကြမ်းခင်းဈေး**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ ပုတ္တလုတ်ကျေးရွာတောင်ပိုင်း (အလျားပေ ၇၀×အနံပေ ၆၀)မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော ခနိမိုးထရံကာ၊ ပျဉ်ခင်း၊ သုံးပင်နှစ်ခန်း နေအိမ်တစ်လုံးနှင့် သောက်ရေကန် တစ်ကန်အတွက် ၁၇ သိန်းကျပ်။
၂။ ကျောက်တန်းမြို့နယ်၊ ပုတ္တလုတ်ကျေးရွာတောင်ပိုင်းရှိ အဆိုပါခြံမြေအတွင်းရှိ စပါးတင်း ၃၀၀၀ ခန့်ဆံ့ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း စပါးကျီတစ်လုံးအတွက် ၃၅ သိန်းကျပ်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသည့်အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။
၄။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်ပြီး ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ အိုင်၊ မြေကွက်အမှတ် $\frac{၆၀/ဘီ}{၂}$ ၊ ဧရိယာ ၀ဒသမ ၃၅၂ဧကရှိ မြေကွက်အနက်မှ မြောက်ဘက်ခြမ်းရှိ အကျယ်အဝန်းအားဖြင့် $\frac{၇၂'}{၇၇'} \times \frac{၆၁'}{၉၂'}$ စတုရန်းပေရှိ မြေပိုင်မြေကွက် (ယင်းမြေကွက်ကို ဗဟန်းမြို့နယ်၊ (ရွှေ/၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၂၉ ဟုခေါ်တွင်ပါသည်) နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၃၀-၁၁-၂၀၁၂ ကတိစာချုပ်နှင့်တကွ အဆက်အစပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးအောင်ဇော်မင်း ၉/ပသက(နိုင်) ၁၃၈၄၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလိမ္မော် LL.B** — **ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး (စဉ်-၄၂၂၂၇)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)** — **အထက်တန်းရှေ့နေများ**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄**

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ဆင့်(မြိတ်)**

**အသက်(၈၄)နှစ်**

ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏ မိခင်ကြီးသည် ၂၃-၃-၂၀၁၅ ရက်(တနင်္လာနေ့)နံနက် ၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ ရက်(တနင်္လာနေ့)နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်**

## ဦးမောင်ကျော်ခိုင်

**(စစ်တွေ-ငြိမ်း)**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၈၂)နှစ်**

ဦးစိုးနိုင်(General Manager, Fortune International Ltd.)-ဒေါ်အေးခိုင်ဇံတို့၏ ဖခင်ကြီးသည် ၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်**

**ဥက္ကဋ္ဌ**

**Fortune International Group**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၉/၃ရပ်ကွက်၊ မဲခေါင်လမ်း၊ အမှတ် ၄၀၉(ခ)၊ မြေချပါမစ်အမည်ပေါက် ဦးငွေမောင်း(ပေ၂၀×ပေ၆၀)ဧရိယာအကျယ်ပမာဏရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃-၉-၂၀၁၄) ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်ပြီး ဒေါ်သင်းသင်းခိုင်ထံမှ ရောင်းကြေးတန်ဖိုးငွေအားလုံးပေးချေ၍ ကျွန်ုပ် ဒေါ်သက်သက် ၁၄/ဝခမ(နိုင်)၁၃၀၂၂၄ သည် အရောင်းအဝယ်ပြုလုပ်သော မြေကွက်နှင့်ပတ်သက်ဆက်နွယ်သည့် မြေချပါမစ်မူရင်း၊ ဆက်စပ်စာချုပ်မူရင်းများကို လက်ရောက်လွှဲပြောင်းရယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်ုပ် ဒေါ်သက်သက်သာ တရားဝင်ပိုင်ဆိုင်ပြီး ၎င်း၏ အတိအလင်းခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်သက်သက် ၁၄/ဝခမ(နိုင်)၁၃၀၂၂၄**

**ဖုန်း-၀၉-၄၀၀၄၇၆၁၇၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၉/၃ ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် ၂၅(က) ပါမစ်အမည်ပေါက် ဦးအုန်းမောင် (၁၀ပေ×ပေ၆၀)ဧရိယာအကျယ်ပမာဏရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၃-၉-၂၀၁၄ ရက်တွင် မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး ဒေါ်သင်းသင်းခိုင်ထံမှ ရောင်းဖိုးငွေအားလုံးပေးချေ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သက်သက်သည် အရောင်းအဝယ်ပြုလုပ်သော မြေကွက်နှင့်ဆက်စပ်သည့် ပါမစ်မူရင်း၊ စာချုပ်မူရင်းတို့ကို လက်ရောက်လွှဲပြောင်းရယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်သာ တရားဝင်ပိုင်ဆိုင်ပြီး ၎င်း၏ အတိအလင်းခွင့်ပြုချက်မရဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယမင်းထွန်း**

**အထက်တန်းရှေ့နေ စဉ်-၂၆၅၁၆**

**ဖုန်း-၀၉-၄၂၀၁၇၅၇၇၄**

## ဒေါ်သက်မာဦးနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် မြေတိုင်း ငမိုးရိပ်မြေကွက်အမှတ် ၂၇၅၊ မြေအကျယ် ၂၅ပေ×၅၀ပေ မြေကွက်၏ မြေငှားဂရန်အမည်ပေါက်မှာ ဦးကျော်သက် ၇/ပတတ(နိုင်)၀၃၆၂၀၅-ဒေါ်သက်မာဦး ၁၂/သဃက(နိုင်)၀၅၁၁၉၇ တို့ဖြစ်ပါသည်။

၁၅-၁၁-၂၀၁၄ ရက်တွင် ဒေါ်သက်မာဦးမှ ၎င်းမြေကွက်တွင် ခြောက်ထပ် R.C တိုက်တစ်လုံးဆောက်လုပ်ရန် ဒေါ်သက်မာဦးမှ ငွေစိုက်ထုတ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ရပ်ကွက်ရုံး အုပ်ချုပ်ရေးမှူးထံတွင် သဘောတူလက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းသဘောသဘာဝအရ ဦးကျော်သက်မှ ဒေါ်သက်မာဦးအား မြေဂရန်စာအုပ်နှင့် GP ပါဝါကို ၂-၁၂-၂၀၁၄ ရက်တွင် လွှဲပေးခဲ့ပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံတွင် ၎င်းပါဝါလွှဲပေးသည်မှာ RC တိုက်တစ်လုံးဆောက်လုပ်ရန်သာဖြစ်ပြီး အခြားမည်သည့်အကြောင်းအရာမျှ မပြုလုပ်ရန် နှစ်ဦးသဘောတူ သက်သေနှစ်ဦးရှေ့တွင် လက်မှတ်ရေးထိုးပြီးမှ ပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် ပါဝါလွှဲပေးသည်ကို အကြောင်းပြု၍ ကျွန်တော် ဦးကျော်သက်အမည်ပေါက် ဒေါ်သက်မာဦးအမည်ပါ မြေဂရန်စာချုပ်အား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ကိုယ်ကျိုးရှာစေနိုင်သော မည်သည့်အပြုအမူတို့ကို မပြုလုပ်ရန် ကျွန်တော် ဦးကျော်သက်၏ ယုံကြည်မှုကို တန်ဖိုးထားရန် ဒေါ်သက်မာဦးနှင့်တကွ အများသိစေရန် ထပ်မံသတိပေးကြေညာပါသည်။

**ဦးကျော်သက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြကြည်

### အသက်(၉၂)နှစ်

ဒေါက်တာသက်နိုင်(ပါမောက္ခ၊ ရူပဗေဒဌာန၊ စစ်ကိုင်းတက္ကသိုလ်)၏ ချစ်လှစွာသောမိခင် ဒေါ်မြကြည်သည် ၁၃-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဦးမောင်မောင်-ဒေါ်သက်သက်နိုင်မိသားစု**

**ASIA EXPRESS (Yangon) CO.,LTD.**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်မြင့်နှင့်မိသားစု၊ စံပြငါးမွေးမြူရေးနှင့် ငါးအစာထုတ်လုပ်ရေးကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၀၂:၃၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊**

**မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊**

**မြန်မာနိုင်ငံငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်များ**

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း**

**ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ဆင့်(မြိတ်)**

**အသက်(၈၄)နှစ်**

ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏ မိခင်ကြီးသည် ၂၃-၃-၂၀၁၅ ရက်(တနင်္လာနေ့)နံနက် ၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်**

**ဥက္ကဋ္ဌ**

**Fortune International Group**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၀၂:၃၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊**

**မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့် (ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဆင့်(မြိတ်)

### အသက်(၈၄)နှစ်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ ယုဇနကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမော်တို့၏မိခင် ဒေါ်ဆင့်(မြိတ်) အသက်(၈၄)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၂:၃၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်များ၊**

**မြန်မာနိုင်ငံငါးပိ၊ ငါးခြောက်၊ ငံပြာရည်ထုတ်လုပ်ရောင်းဝယ်သူများအသင်း**

# နိုင်ငံသားတိုင်း နေရာဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး လူ့မျှော်မှန်းသက်တမ်းညီတူညီမျှတိုးမြှင့်စေရေး အားစိုက်ဆောင်ရွက်ခဲ့



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဂုဏ်ပြုပွဲ အခမ်းအနားတွင်ပြသထားသည့် ပြခန်းငယ်အား ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၂၆**

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC 2) ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကာ နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နေရသည့်အပြင် (၂၀၁၅)ခုနှစ်တွင် ဦးစားပေး ဆောင်ရွက်နေရသည့်လုပ်ငန်းတာဝန်များမှာ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရေး၊ *စာမျက်နှာ ၈ ကော်လံ ၁* ◆

# နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၊ ၈၇၂/၂၀၁၅**
**နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**
**(၂၀၁၅ ခုနှစ် ၊ မတ်လ ၂၅ ရက်)**

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်၊ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်သတ်မှတ်ပေးရန် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၁၅) ၌ အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ရာ အစိုးရဌာနများနှင့်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို အောက်ဖော်ပြပါဇယားအတိုင်း တိုးမြှင့်သတ်မှတ်လိုက်သည်-

(ကျပ်)

| အမှတ်စဉ် | လက်ရှိလစာနှုန်းထား | အမှတ်စဉ် | တိုးမြှင့်လစာနှုန်းထား |
|---|---|---|---|
| ၁။ | ၇၅,၀၀၀-၁၀၀၀-၈၀,၀၀၀ | ၁ | ၁၂၀,၀၀၀-၂၀၀၀-၁၃၀,၀၀၀ |
| ၂။ | ၈၁,၀၀၀-၁၀၀၀-၈၆,၀၀၀ | ၂ | ၁၃၅,၀၀၀-၂၀၀၀-၁၄၅,၀၀၀ |
| ၃။ | ၈၇,၀၀၀-၁၀၀၀-၉၂,၀၀၀ | ၃ | ၁၅၀,၀၀၀-၂၀၀၀-၁၆၀,၀၀၀ |
| ၄။ | ၉၃,၀၀၀-၁၀၀၀-၉၈,၀၀၀ | ၄ | ၁၆၅,၀၀၀-၂၀၀၀-၁၇၅,၀၀၀ |
| ၅။ | ၉၉,၀၀၀-၁၀၀၀-၁၀၄,၀၀၀ | ၅ | ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀ |
| ၆။ | ၁၀၅,၀၀၀-၁၀၀၀-၁၁၀,၀၀၀ | ၆ | ၁၉၅,၀၀၀-၂၀၀၀-၂၀၅,၀၀၀ |
| ၇။ | ၁၁၁,၀၀၀-၁၀၀၀-၁၁၆,၀၀၀ | ၇ | ၂၁၀,၀၀၀-၂၀၀၀-၂၂၀,၀၀၀ |
| ၈။ | ၁၄၀,၀၀၀-၂၀၀၀-၁၅၀,၀၀၀ | ၈ | ၂၅၀,၀၀၀-၄၀၀၀-၂၇၀,၀၀၀ |
| ၉။ | ၁၆၀,၀၀၀-၂၀၀၀-၁၇၀,၀၀၀ | ၉ | ၂၈၀,၀၀၀-၄၀၀၀-၃၀၀,၀၀၀ |
| ၁၀။ | ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀ | ၁၀ | ၃၁၀,၀၀၀-၄၀၀၀-၃၃၀,၀၀၀ |
| ၁၁။ | ၂၀၀,၀၀၀-၂၀၀၀-၂၁၀,၀၀၀ | ၁၁ | ၃၄၀,၀၀၀-၄၀၀၀-၃၆၀,၀၀၀ |
| ၁၂။ | ၂၂၀,၀၀၀-၂၀၀၀-၂၃၀,၀၀၀ | ၁၂ | ၃၈၀,၀၀၀-၄၀၀၀-၄၀၀,၀၀၀ |
| ၁၃။ | ၂၅၀,၀၀၀-၂၀၀၀-၂၆၀,၀၀၀ | ၁၃ | ၅၀၀,၀၀၀ |

မှတ်ချက်။ နှစ်တိုးများကို (၂) နှစ်လျှင် တစ်ကြိမ်ခံစားခွင့်ပြုရန်၊ *စာမျက်နှာ ၉ ကော်လံ ၅* ❒

## အာရှ ယူ-၂၃ ခြေစစ်ပွဲအဖြစ် မြန်မာနှင့် တရုတ်(တိုင်ပေ)တို့ ယနေ့ကစားမည်

စာ ➤ ၈

## နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုများ

ဆောင်းပါး စာ ➤ ၁၀







မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။